မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၁၃)

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

☆ အခု ကျွန်တော်တို့ လက်ရှိအစိုးရသစ်ဟာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးဖို့အတွက် ပြည်သူလူထုကနေပြီးတော့ ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရဖြစ်ပါတယ်။
☆ ဒီမိုကရေစီ လမ်းကြောင်းပေါ်ကိုလည်း ကျွန်တော်တို့ ရောက်နေပြီဖြစ်ပါတယ်။
☆ ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်နေပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ရှေ့ကိုပဲ ဆက်ပြီးသွားမှာ ဖြစ်ပါတယ်။
☆ နောက်ကို ပြန်လှည့်စရာအကြောင်း မရှိပါဘူး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် The Washington Post မှ အကြီးတန်းအယ်ဒီတာ Ms. Eizabeth Graham Weymouth အား လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားစဉ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် The Washington Post မှ အကြီးတန်းအယ်ဒီတာ Ms. Eizabeth Graham Weymouth ၏ မေးမြန်းချက်များကို လက်ခံဆွေးနွေးဖြေကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီကလင်တန်တို့ ၁-၁၂-၂၀၁၁ ရက်နေ့က တွေ့ဆုံကြစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် The Washington Post မှ အကြီးတန်းအယ်ဒီတာ Ms. Eizabeth Graham Weymouth နှင့်အဖွဲ့အား ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့လည်း တက်ရောက်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတနှင့် The Washington Post တို့၏ မေးမြန်းချက်နှင့် ဆွေးနွေးဖြေကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

နိုင်ငံတော်သမ္မတ ။ **ခင်ဗျားကိုကြိုဆိုပါတယ်။ ဝါရှင်တန်ပို့စ်သတင်းစာဟာ အင်မတန်အရှိန်အဝါကြီးတဲ့ သတင်းစာကြီးဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအနေနဲ့ ပြည်ပမီဒီယာနဲ့ အခုလို လက်ခံတွေ့ဆုံတာ ဒါပထမဦးဆုံးအကြိမ်ပါပဲ။ ကျွန်တော်နဲ့အတူ နိုင်ငံခြားရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီး၊ အလုပ်သမားဝန်ကြီးတို့ပါ ပါဝင်ပါတယ်။ ခင်ဗျားကို မီဒီယာသမားတစ်ယောက်အပြင် မြန်မာနိုင်ငံကို အလည်အပတ် လာရောက်လေ့လာတဲ့ ဧည့်သည်တစ်ယောက်အနေနဲ့ အခုလို လက်ခံတွေ့ဆုံတာဖြစ်ပါတယ်။**

Washington Post ။ ကျွန်မ အင်တာဗျူးလုပ်တဲ့အခါ မေးခွန်းတွေကို များများမေးလေ့ရှိပါတယ်။ အထူးသဖြင့် သမ္မတကြီးမှ ဦးစီးဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးကိစ္စများနှင့် ပတ်သက်ပြီး မေးခွန်းများ မေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

နိုင်ငံတော်သမ္မတ ။ **မေးတဲ့မေးခွန်းများအပေါ် ဖြေသွားပါ့မယ်။ ပြီးတော့ အကြောင်းအရာတစ်ခုအပေါ်မှာ မရှင်းလင်းတာရှိရင်လည်း ထပ်ပြီးတော့ မေးလို့ပြုလို့ရပါတယ်။**

Washington Post ။ မေးခွန်းများ စပြီးမေးပါမယ်။ ယနေ့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများနဲ့ ပတ်သက်ပြီး တစ်ကမ္ဘာလုံးက စိတ်ဝင်တစားရှိလာပါတယ်။ အထူးသဖြင့် နိုင်ငံရေးသမားများ လွှတ်ပေးခြင်း၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးလာခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ အပစ်အခတ်ရပ်စဲခြင်းတို့အပေါ်မှာ နိုင်ငံတကာက စိတ်ဝင်တစား စောင့်ကြည့်နေပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံအတွင်း ဒီလိုပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ဖို့ ဘယ်လိုအကြောင်းအရာတွေက အရင်းခံတွန်းအားပေးခဲ့တယ်ဆိုတာ သိလိုပါတယ်။ *စာမျက်နှာ ၈ ကော်လံ ၁* ❖

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်)

သဘာဝအလှနှင့် ပကာသနအလှ

မိန်းကလေးတို့သည်ကား အလှအပကိုမက်မောကြသည်။ “လှတယ်”ပြောမှ သဘောကျသည်။ လှအောင်လည်း နေတတ်ကြသည်။လှလည်းလှကြပေ၏။ အလှသည်ကား သဘာဝအလှနှင့် ပကာသနအလှဟူ၍ ရှိကြ၏။

သဘာဝအလှသည် ရိုး၏။ ရိုးခြင်းသည်ကောင်း၏။ အလှတွင် အယဉ်ဆင့်ခြင်းသည် ကောင်း၏။ သဘာဝဆန်လွန်းလျှင်လည်း အလှလျော့တတ်သည်။ သဘာဝနှင့် ခေတ်ကိုပေါင်းစပ်နိုင်လျှင် အလှဆုံး ဖြစ်နိုင်၏။ သို့သော် ခေတ်ဆန်လွန်းသော် ပကာသနနယ်ထဲသို့ ရောက်သွားနိုင်၏။

ပကာသနအလှသည်ကား သဘာဝ၏ဆန့်ကျင်ဘက်နေရာတွင် ရှိ၏။ ပကာသနအလှသည် အတုအရောင်အလှ။ အလှစစ်မဟုတ်။ အလှတုနှင့်အလှစစ်ခွဲခြားသိတတ်ရန်လို၏။

လောကနီတိ၌ ဣတ္ထီနဉ္စ ဓနံရူပံ ဟုဆိုထား၏။ အမျိုးသမီးတို့၏ ဥစ္စာသည်ကား အဆင်းလှခြင်းပင်ဖြစ်၏။ မှန်ပေ၏။ ယနေ့ခေတ်အမျိုးသမီးများသည် အလှကိုအကောင်းဆုံးဖန်တီးတတ်ကြ၏။ အလှကိုဖန်တီးကြရာတွင် နှစ်မျိုးရှိ၏။ ခန္ဓာကိုယ်ကိုလှပအောင် ဖန်တီးခြင်းနှင့် ဖက်ရှင်ကျအောင် ဖန်တီးဝတ်ဆင်ခြင်းပင်ဖြစ်၏။

ဤသို့ အလှဖန်တီးကြရာတွင် အမျိုးသမီးတို့သည် မျက်နှာပြင် အလှတရားကို လွန်စွာတန်ဖိုးထားတတ်ကြပေသည်။ မျက်နှာသည် လူတစ်ကိုယ်လုံးတွင် အာရုံငါးပါးစလုံးကို ခံစားသိမြင်နိုင်ခြင်းကြောင့်ပင်ဖြစ်၏။ ထို့ကြောင့် အမျိုးသမီးတိုင်းသည် မျက်နှာကိုအလှဆုံးဖြစ်အောင် လိမ်းခြယ်ကြ၏။ ထို့သို့ လိမ်းခြယ်ကြရာတွင် အချို့က သဘာဝမြန်မာ့သနပ်ခါးကို တန်ဖိုးထားလိမ်းကြသလို အချို့က နိုင်ငံခြားက လာသော မိတ်ကပ်နှင့်ပေါင်ဒါအမျိုးမျိုးတို့ကို လိမ်းခြယ်ကြ၏။ ထိုမိတ်ကပ်အမျိုးမျိုးနှင့် ပေါင်ဒါအချို့တွင်မူ ဓာတုဗေဒပစ္စည်းများထည့်သွင်းပြုလုပ်ထားကြ၏။

အချို့အမျိုးသမီးများမှာ လှပလိုခြင်းတစ်ခုအတွက်သာ အလှကုန်ပစ္စည်းအမျိုးမျိုးကို သုံးစွဲလိမ်းခြယ်နေကြ၏။ ထိုအလှကုန်ပစ္စည်းများအတွင်း ဓာတုဗေဒပစ္စည်းများကြောင့် မည်မျှကောင်းကျိုးပေးနိုင်သည်၊ မည်မျှဆိုးကျိုးဖြစ်နိုင်သည်ကို မစဉ်းစားနိုင်ကြ။ လှဖို့သာ အဓိကဖြစ်၏။ စင်စစ် မိတ်ကပ်၊ ပေါင်ဒါ၊ နှုတ်ခမ်းနီ၊ မျက်တောင်ကော့ဆေး စသည့် အလှကုန်ပစ္စည်းအမျိုးမျိုးတို့သည် ရေရှည်သုံးစွဲလျှင် လူကို အန္တရာယ်ဖြစ်စေနိုင်၏။

အမျိုးသမီးအချို့သည် ပကာသနအလှကို လွန်စွာမက်မောပြီး မိတ်ကပ်ကို စွဲလိမ်းကြ၏။ ထို့ကြောင့်ပင် အချို့သောအမျိုးသမီးများမှာ မျက်နှာပေါ်တွင် အဖုအပိမ့်များထွက်ခြင်း၊ မျက်နှာပွခြင်း၊ ဖောတောတော ဖြစ်ခြင်း၊ မျက်နှာအရေပြားများပေါ်တွင် အကွက်များဖြစ်ပေါ်ခြင်း၊ အဆီများပြန်ခြင်းစသည့် ဆိုးကျိုးများ ဖြစ်ပေါ်လေ့ရှိသည်။ အချို့မှာမူ မိတ်ကပ်အတွင်းပါသည့် ဓာတုဗေဒဆေးတစ်မျိုးနှင့် မိမိအသားအရေတို့ ဓာတ်မတည့်၍ ချက်ချင်းဆိုသလိုပင် မျက်နှာပေါ်တွင် အဖု၊ အလုံးများထွက်လာပြီး တစ်သက်လုံး အရုပ်ဆိုးမဖြစ်သွားသူများကို တွေ့ဖူးသည်။ အချို့သော မိတ်ကပ်ကြောင့် ပါးရေနားရေများတွန့်ပြီး အရွယ်မတိုင်မီ အိုမင်းရင့်ရော်သည့်ပုံဖြစ်လာသည်။ လှချင်လွန်း၍ သွားကိုတိုက် ရေစီးကမ်းပြိုလိုက် ဆိုသည့်စကားကဲ့သို့ သဘာဝအလှနယ်ကို ကျော်လွန်ပြီး ပကာသနအလှကို လွန်စွာမက်မောလွန်း၍ ဖြစ်ရခြင်းပင်။

ယနေ့ခေတ်တွင် ပကာသနအလှကို လွန်စွာမက်မောလွန်းခြင်းဟူသည့် အမျိုးသမီးအချို့၏ အားနည်းချက်ကို အခွင့်ကောင်းယူပြီး အလှကုန်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီအချို့က အပြိုင်အဆိုင် ထုတ်လုပ်လာကြ၏။ ယင်းအလှကုန်ပစ္စည်းများအပေါ် ဆိုးကျိုးဖြစ်မည်၊ မဖြစ်မည်ကို အာမခံနိုင်စွမ်းနည်း၏။ မြန်မာ့ရိုးရာသနပ်ခါးမှာမူ ဘေးထွက်ဆိုးကျိုးမရှိ။ သနပ်ခါးလိမ်းခြယ်ခြင်းဖြင့် အသားအရေကို ချောမောလှပစေခြင်းသာ ဖြစ်စေ၏။ ကျန်းမာရေးနှင့်ညီညွတ်စေသည်။ ကိုယ်ပေါ်မှ အဖုအပိမ့်များကိုပင် သနပ်ခါးလိမ်းလျှင် ပျောက်နိုင်သည်။ သနပ်ခါးသည် ဆေးတစ်မျိုးဖြစ်သည်။ သနပ်ခါးသည် သဘာဝအလှကို ပို၍ပေါ်လွင်စေသည်။

သို့ဖြစ်ရာ အမျိုးသမီးတိုင်းသည် မိမိကိုယ်ကို လှပအောင်ဖန်တီးကြရာတွင် သဘာဝအလှနှင့် ပကာသနအလှကို နှိုင်းယှဉ်သိပြီး မြန်မာ့သနပ်ခါးဖြင့် သဘာဝအလှ ပို၍ပေါ်လွင်စေကာ ထာဝရအလှကို ပိုင်ဆိုင်နိုင်ကြပါစေလို့…။ ။

ညောင်တုန်းမြို့နယ်၌ ကတ္တရာလမ်းများဖွင့်

ညောင်တုန်း ဇန်နဝါရီ ၂၀

ညောင်တုန်းမြို့နယ် (၁၂)လမ်းနှင့် (၁၆)လမ်း ကတ္တရာလမ်းသစ်များဖွင့်ပွဲ အခမ်းအနားများကို အဆိုပါလမ်းဖွင့်ပွဲမုခ်ဦး၌ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းကကျင်းပရာ ညောင်တုန်းမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းနှင့်အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းများကို ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ပွင့်ဖြူမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း

ပွင့်ဖြူ ဇန်နဝါရီ ၂၀

ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာအုပ်စု လယ်ကိုင်းကျေးရွာ၌ ၂၀၁၁-၂၀၁၂ခုနှစ် မိုးစပါးသိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် ၁၀ဧကစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၂၀ ရက်က တောင်သူ ဦးသန်းကို၏ ရတနာတိုးစံပြစိုက်ခင်း ခုနစ်ဧကနှင့် ဦးမောင်မောင်နိုင်၏ မနောသုခမျိုးသန့်စိုက်ခင်း သုံးဧကတို့၌ ကျင်းပသည်။ ရိတ်သိမ်းပွဲတွင် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေနှင့်မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ တောင်သူများတက်ရောက်ကြည့်ရှုလေ့လာကြပြီး မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ချစ်က ဂျီအေပီစနစ်၏အားသာချက်များရှင်းပြသည်။ ထို့နောက် စံကွက်ရိတ်သိမ်းရာရတနာတိုးမျိုးတစ်ဧက ၁၁၃ ဒသမ ၃၀တင်းနှင့် မနောသုခ တစ်ဧက ၁၀၈ ဒသမ ၆၃တင်းနှုန်းထွက်ရှိကြောင်း သိရှိရသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

စံပြမိခင်နှင့် ကလေးပြိုင်ပွဲဆုပေးပွဲ ကျောက်ပန်းတောင်းမြို့နယ်၌ ကျင်းပ

ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်စံပြမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စပါးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းယုရွှေက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ သိန်းသန်းထွန်းက ကျန်းမာရေးအသိပညာပေးဟောပြောသည်။ ထို့နောက် ဆုရရှိကြသော စံပြမိခင်နှင့် ဆုရကလေးငယ်များအား ဥက္ကဋ္ဌဒေါ်စန်းယုရွှေ **(အောက်ပုံ)**နှင့်တာဝန်ရှိသူများကဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကွင်းဆင်းဆောင်ရွက်

နမ္မတူ ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် နမ္မတူမြို့နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်ဆန်းမိုး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးထွန်းရွှေနှင့် သစ်တောဝန်ထမ်းများ ဒီဇင်ဘာ ၂၆ ရက်မွန်းလွဲပိုင်းက မန်မွန်းကျေးရွာသို့ရောက်ရှိပြီး ထင်းစိုက်ခင်း အမှတ်(၁/၂၀၀၆)မှ ထင်းများကို ကျေးရွာရှိ ဆင်းရဲသော တောင်သူ ၂၀ အား အခမဲ့ပေးအပ်ခဲ့သည်။

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့သည် မန်မွန်းကျေးရွာနေ တောင်သူ ၁၀ ဦး၏ ဒေသအစုအဖွဲ့ပိုင် စိုက်ခင်းဧက ၁၀၀ တည်ထောင်မည့် မြေနေရာကို ကွင်းဆင်းစစ်ဆေးပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများဆွေးနွေးခဲ့သည်။ဆက်လက်၍ မြို့နယ်ဦးစီးဌာနမှူးနှင့် သစ်တောဝန်ထမ်းများသည် ဒီဇင်ဘာ ၂၇ ရက်က ခိုဖိတ်ကျေးရွာသို့ ရောက်ရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော တစ်ရွာ တစ်ဧက ထင်းစိုက်ခင်းကို ကျေးရွာအုပ်ချုပ်ရေးမှူးသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်သစ်တောဦးစီးဌာန)

မီးဘေးကြိုတင်ကာကွယ်ရေး ကြို့ပင်ကောက်၌ ဆောင်ရွက်

ကြို့ပင်ကောက် ဇန်နဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ အမှတ်(၈၇)သစ်စက်၌ ဇန်နဝါရီ ၆ ရက်က စက်ရုံမှူး ဦးဝင်းစိန်၊ မြို့နယ်မီးသတ်ဦးစီးမှူးရဲကျော်စွာဖြူဝင်း၊ မြို့နယ်မီးသတ်ဝန်ထမ်းများနှင့် စက်ရုံမီးသတ်ဝန်ထမ်းများသည် စက်ရုံအတွင်းမီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြလေ့ကျင့်ခန်းများပြုလုပ်ကြကြောင်း သိရှိရသည်။ (ဝဲပုံ) (၁၁၁)

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ရမည်းသင်းမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ရမည်းသင်း ဇန်နဝါရီ ၂၀

ရမည်းသင်းမြို့နယ် ရွှေဒါးအုပ်စုရှိ ကြက်ငှက်မွေးမြူရေးခြံများသို့ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာစိုးငြိမ်းနှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်မြင့်တို့သည် နယ်မြေတာဝန်ခံ ဒုတိယဦးစီးမှူးနှင့်အတူ ဇန်နဝါရီ ၁ ရက်က သွားရောက်ပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့် ကြက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုရှိစေရေး စီမံဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (၄၀၆)

➤စာအုပ်စာပေ လူ့မိတ်ဆွေ➤

စုပေါင်းလမ်းလျှောက်

ကြံခင်း ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ဒီဇင်ဘာအားကစားလ တတိယပတ် လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၅ နာရီက ကျင်းပရာ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများစုပေါင်း၍ ရွာသစ်ရပ်ကွက် ဗိုလ်ချုပ်ဈေးရှေ့နာရီစင်ထောင့် စုရပ်မှ မြို့မဘက်ရဲလမ်း ပန်းရန်စုကားလမ်းအတိုင်း သဲဖြူရွာအထိ စုပေါင်းလမ်းလျှောက်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

အရန်သားဖွားဆရာမ သင်တန်းဖွင့်

လပွတ္တာ ဇန်နဝါရီ ၂၀

ကျန်းမာရေးဝန်ကြီးဌာနနှင့်မာလင်မြန်မာတို့ပူးပေါင်းဖွင့်လှစ်သည့် အရန်သားဖွားဆရာမ သင်တန်းအမှတ်စဉ်(၁/၂၀၁၂)ဖွင့်ပွဲကို လပွတ္တာခရိုင် သုံးမိုင်မြို့သစ် ခုတင်(၂၀၀)ဆံ့ဆေးရုံ၌ ဇန်နဝါရီ ၉ ရက်နံနက် ၁၀နာရီကကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာစိန်လှိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်မာလင်မြန်မာ စီမံချက်တာဝန်ခံ ဦးဇော်ဖေသန်းက သင်တန်းအားပံ့ပိုးမှုအကြောင်းရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကာလမှာ ခြောက်လအထိ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသူ ၂၅ ဦး တက်ရောက်ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

စဉ့်ကိုင်မြို့နယ် မုံပင်ကျေးရွာ၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကျင်းပ

စဉ့်ကိုင် ဇန်နဝါရီ ၂၀

စဉ့်ကိုင်မြို့နယ် မုံပင်ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်ရှေ့၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ကျောင်းဆောင်သစ်ကို မန္တလေးတိုင်းဒေသကြီး အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်ဝင်း၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဝင်းက ကျောင်းဆောင်သစ် ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (၁၆၀)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေအား
အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ ညှိသည်အဖွဲ့တွေ့

နေပြည်တော် ဇန်နဝါရီ ၂၀

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ Ms. Meral Karasulu ဦးဆောင်သော Article IV Consultation Mission အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေအား လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ငွေကြေးကဏ္ဍနှင့် စွမ်းအင်လုပ်ငန်းဆိုင်ရာ အကြံပြုချက်များကို တင်ပြဆွေးနွေးခဲ့ပြီး စွမ်းအင်ဝန်ကြီးဌာနကလည်း စွမ်းအင်အရင်းအမြစ်များနှင့်ပတ်သက်သော မူဝါဒပြုပြင်ပြောင်းလဲမှုများ၊ လုပ်ငန်းအလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၇) ကြိမ်မြောက် မြန်မာ-အိန္ဒိယ နယ်စပ်နယ်ဘက်အာဏာပိုင်များ၏
နိုင်ငံတော်အဆင့်အစည်းအဝေး သဘောတူညီမှုမှတ်တမ်း လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၂၀

(၁၇)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နယ်စပ်နယ်ဘက် အာဏာပိုင်များ၏ နိုင်ငံတော်အဆင့်အစည်းအဝေး သဘောတူညီမှုမှတ်တမ်း လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. R. K. Singh၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. V.S. Seshadri နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယဝန်ကြီး H.E. Mr. R. K. Singh တို့သည် (၁၇)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နယ်စပ်နယ်ဘက် အာဏာပိုင်များ၏ နိုင်ငံတော်အဆင့်အစည်းအဝေး သဘောတူညီမှုမှတ်တမ်းကို လက်မှတ်ရေးထိုးလဲလှယ်ကြပြီး **(ဝဲပုံ)**မြန်မာ-အိန္ဒိယနယ်စပ်နယ်ဘက်အာဏာပိုင်များ၏ နိုင်ငံတော်အဆင့်အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အဆိုပါ နိုင်ငံတော်အဆင့် အစည်းအဝေး သဘောတူညီမှုမှတ်တမ်းအရ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဒေသ၌ ဖြစ်ပေါ်နေသော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် နယ်စပ်ဖြတ်ကျော်၊ နိုင်ငံဖြတ်ကျော်မှုခင်းများကို နှစ်နိုင်ငံအစိုးရချင်း အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ်ညှိနှိုင်း ပူးတွဲဖြေရှင်းသွားရန်၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းသာယာရေးကိုနှစ်နိုင်ငံ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံရဲတပ်ဖွဲ့များ၏ စွမ်းရည်မြှင့်တင်ရေးနှင့် အထွေထွေကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့
နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ
နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၀

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိကြရာ ဇန်နဝါရီ ၂၀ ရက်တွင် ဦးစောဝင်းထွန်း အပါအဝင် ပုဂ္ဂိုလ် ၁၈ ဦးက တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P)ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။ **(သတင်းစဉ်)**

ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချို(၁) ရပ်ကွက်ရှိ လောကမုနိအောင်မြေချမ်းသာရ ဆုတောင်းပြည့်ဘုရားကြီး (၁၁)ကြိမ်မြောက် ဗုဒ္ဓါဘိသေက မင်္ဂလာ၊ ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ပူဇော်ပွဲကို တပို့တွဲလပြည့် ကျော် ၅ ရက် (ဖေဖော်ဝါရီ ၁၂ ရက်) ညနေ ၃ နာရီခွဲတွင် အောင်မြေသုကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

၂၀၁၂ ခုနှစ်(၂၅)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် သူရဘိုနီက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများနှင့် ဇနီးများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရဲတပ်ရင်းများ ကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ်၏ဇနီး ဒေါ်ခင်မလေးက အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အသင်းအားလည်းကောင်း၊ ညွှန်ကြားရေးမှူး(ရေး) ရဲမှူးကြီးထွန်းအုံက အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့အသင်းအား လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် သူရဘိုနီက အမျိုးသား/အမျိုးသမီးနှစ်ရပ်ပေါင်း တံခွန်စိုက်ဒိုင်းဆုရ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းအား လည်းကောင်း **(အပေါ်ပုံ)** ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မိုင်းဆတ်၌ ကြီးကြပ်ဆောင်ရွက်

မိုင်းဆတ် ဇန်နဝါရီ ၂၀

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက မိုင်းတုံမြို့နယ် မုံးထမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့်တာဝန်ရှိသူများက သန့်ရှင်းသောသောက်သုံးရေ ရရှိရေး၊ မီးရရှိရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အောင်မြင်ရေး ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးသည် ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးနိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက လက်ခံယူသည်။ ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က မြို့နယ်ခွဲ အခြေခံပညာ အထက်တန်းကျောင်းအတွက် ထောက်ပံ့ငွေပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများက လက်ခံယူသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၃ ရက်တွင် ပုံပါကျင်မြို့နယ်ခွဲ၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မြို့တွင်းလမ်းကျောက်ရောမြေဖို့ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီးနောက် ဒီဇင်ဘာ ၂၄ ရက် နံနက်က မိုင်းတုံ-တာဆန်းလမ်းအပိုင်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သီပေါ ပညာ့အလင်းစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

သီပေါ ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက ပေးပို့သော ငွေကျပ်တစ်သိန်းတန်ဖိုးရှိသည့် သုတရသ၊ မဂ္ဂဇင်းနှင့်အခြားစာအုပ်များ ထပ်ဆင့်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၅ ရက်က သီပေါမြို့နယ် မိုင်းလင်းကျေးရွာအုပ်စု စံလောင်းကျေးရွာ ပညာ့အလင်းစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းထွန်းသိန်းကပေးအပ်ရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးရဲမြင့် လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီ မြို့နယ် ကုလားကုန်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၉ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက်ပထမဆု၊ မြို့နယ်အဆင့် အင်္ဂလိပ်စာထူးချွန် ပထမဆုနှင့် ဧရာဝဏ်မြန်မာစာ၊ စာစီစာကုံးပထမဆုရ ပဉ္စမတန်း ကျောင်းသား မောင်သက်ပိုင်စိုးဦးအား ကျောင်းအုပ်ဆရာကြီး ဦးစိုးညွန့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

မြန်မာ့အလင်း လူမှုဒဿန

မက်မက်မောမော

"တစ်ခုကို မက်မိရင် တစ်ခုအတွက်မောရတယ်၊ ဆယ်ခုကို မက်မိရင် ဆယ်ခုအတွက် မောရတယ်၊ ဘယ်တော့မှ မမောချင်ရင် ဘာကိုမှ မမက်မောနဲ့။"

''If you want one, tired for one; If you want ten, tired for ten; To get free from of some, Cut down your need of them.''

ကိုးဘွဲ့ရဆရာတော်

ပထာနှင့် ဟားမတ်စ်အုပ်စုများ ပြန်လည်သင့်မြတ်ရေး ကိုင်ရို၌ နှစ်ဖက်ကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေး

ကိုင်ရို ဇန်နဝါရီ ၂၀

ပါလက်စတိုင်းအုပ်စုများဖြစ်ကြသည့် ဟားမတ်စ်နှင့် ဖတာအုပ်စုတို့သည် နှစ်ဖက်ပြန်လည်သင့်မြတ်ရေးတွင် ဟန့်တားမှုဖြစ်နေသည့် အတားအဆီးများကို ဖယ်ရှားရန် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်၌ တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ (ဝဲပုံ)

တွေ့ဆုံဆွေးနွေး

ဟားမတ်စ်အုပ်စု နိုင်ငံရေးဗျူရိုအကြီးအကဲ ခါလက်မီရှားဦးဆောင်သည့် ဟားမတ်စ်ကိုယ်စားလှယ်အဖွဲ့နှင့် ဖတာအုပ်စုကိုယ်စားလှယ်အဖွဲ့မှ အဇမ်အယ်အာမက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ ကိုင်ရို၌ ဇန်နဝါရီ ၁၈ ရက်က တွေ့ဆုံဆွေးနွေးကြသည်။

မိမိတို့ ကိုယ်စားလှယ်အဖွဲ့များသည် ဖတာနှင့် ဟားမတ်စ်အုပ်စုတို့ ပြန်လည်သင့်မြတ်ရေး အကောင်အထည်ဖော်ရာ၌ ကြန့်ကြာစေမည့် အတားအဆီးများနှင့် ပြဿနာများကို ဆွေးနွေးမည်ဖြစ်ကြောင်း နှစ်ဖက်မတွေ့ဆုံမီ ထိုနေ့စောစောပိုင်းက တွေ့ဆုံမေးမြန်းစဉ်တွင် ဖတာအုပ်စု ကိုယ်စားလှယ်ခေါင်းဆောင် အာမက်က ပြောကြားလိုက်သည်။ **(အင်တာနက်)**

ကလေးငယ်နှစ်ဦး မတရားနှိပ်စက်မှု စုံစမ်းအရေးယူရန် အာဖဂန်တိုက်တွန်း

ကဘူးလ် ဇန်နဝါရီ ၂၀

အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ ဗြိတိန်တပ်ဖွဲ့ဝင်နှစ်ဦးက အာဖဂန်ကလေးငယ်နှစ်ဦးအား မတရားညှဉ်းပန်းနှိပ်စက်မှုကို ချက်ချင်းစုံစမ်းရန် ဗြိတိန်အား အာဖဂန်နစ္စတန်အစိုးရက တောင်းဆိုလိုက်သည်။

ဗြိတိန်အစိုးရအနေဖြင့် ယင်းကိစ္စကိုချက်ချင်းစုံစမ်းပြီး ပါဝင်ပတ်သက်မှုများကို လိုအပ်သလို ပြစ်ဒဏ်ချမှတ်ပေးရန် အာဖဂန်နစ္စတန်အစိုးရက တိုက်တွန်းထားကြောင်း အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းရုံးက ဇန်နဝါရီ ၁၈ ရက်တွင် ကြေညာသည်။

ရိုက်ကူးထား

ဗြိတိန်တပ်ကြပ်ကြီးတစ်ဦးနှင့် တပ်သားတစ်ဦးတို့က အသက် ၁၀ နှစ်အရွယ်ရှိသော အာဖဂန်နစ္စတန်ကလေးငယ်နှင့် မိန်းကလေးတို့ကို မတရားညှဉ်းပန်းနှိပ်စက်ပြီး ယင်းအဖြစ်ကို ရိုက်ကူးထားကြောင်း ဆန်းသတင်းစာက ရေးသားသည်။ **(အင်တာနက်)**

တူရကီအရှေ့တောင်ပိုင်း၌ လူအစုလိုက်သတ်ဖြတ်မြှုပ်နှံခဲ့

အင်ကာရာ ဇန်နဝါရီ ၂၀

တူရကီနိုင်ငံအရှေ့တောင်ပိုင်း ဒီယာဘာကာမြို့၌ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းလုပ်စဉ် အလုပ်သမားများက လူ့အရိုးစုများကိုတွေ့ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(အောက်ပုံ)**

ကျူးလွန်ခဲ့

တစ်ချိန်က အကြမ်းဖက်မှုတိုက်ဖျက်ရေးရဲထောက်လှမ်းရေးဌာန(ဂျစ်တင်)တည်ရှိရာ နေရာ၌ ပြုပြင်တည်ဆောက်စဉ် အရိုးခေါင်းခွံ ၁၁ ခုနှင့် အရိုးစုများကို တူးဖော်တွေ့ရှိခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း တူရကီနိုင်ငံဒေသများ၌ အထူးသဖြင့် ကာ့ဒ်အလုပ်သမားပါတီ(ပီကေကေ)ကို တိုက်ခိုက်ချေမှုန်းစဉ် ရဲထောက်လှမ်းရေးဌာနတပ်ဖွဲ့က လူသတ်မှုများ ကျူးလွန်ခဲ့သည်။

လူ့အခွင့်အရေးလှုပ်ရှားတက်ကြွသူများနှင့် ၁၀ နှစ်ကြာပျောက်ဆုံးသူများ၏ ဆွေမျိုးများက အရိုးဦးခေါင်းခွံများကိစ္စကိုစုံစမ်းရန် တိုက်တွန်းလျက်ရှိသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် - စုစည်းသည်

တောင်တရုတ်ပင်လယ်အတွင်းမျောနေသော တရုတ်ငါးဖမ်းသမားများအားကယ်ဆယ်နိုင်

ကျူဟိုင် ဇန်နဝါရီ ၂၀

တရုတ်နိုင်ငံကွမ်တုန်ပြည်နယ် တောင်ပိုင်း တောင်တရုတ်ပင်လယ်အတွင်း မုန်တိုင်းမိ၍ နစ်မြုပ်ခဲ့သောငါးဖမ်းစက်လှေမှ ပျောက်ဆုံးနေသည့် တရုတ်ငါးဖမ်းသမား ခုနစ်ဦးကို ပင်လယ်အတွင်းမှ ဇန်နဝါရီ ၁၉ရက်က ရှာဖွေတွေ့ရှိ ကယ်ဆယ်နိုင်ခဲ့ကြောင်း တရုတ်အရာရှိများက ဇန်နဝါရီ ၂၀ ရက်၌ ပြောကြားသည်။ **(ယာပုံ)**

ယင်းငါးဖမ်းသင်္ဘောသည် တောင်တရုတ်ပင်လယ်အတွင်း ဇန်နဝါရီ ၁၈ရက်က ငါးဖမ်းထွက်နေစဉ် ရာသီဥတုဆိုးရွားလာပြီး မုန်တိုင်းတိုက်ခတ်ခံရသဖြင့် ငါးဖမ်းသမားများ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ငါးဖမ်းသမားများသည် အသက်၁၆နှစ်မှ ၂၈နှစ်အရွယ်ခန့်ရှိသူများဖြစ်ပြီး ဇန်နဝါရီ ၁၉ ရက် ညနေ ၄နာရီခန့်က ရေပြင်တွင်မျောပါနေစဉ် ကယ်ဆယ်ရေးအဖွဲ့များရှာဖွေတွေ့ရှိကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။ မိမိတို့သည် အသက်ကယ်အင်္ကျီများဖြင့် ပင်လယ်အတွင်း မျောပါနေချိန် ပင်လယ်ရေများကိုသာ သောက်သုံးခဲ့ကြရကြောင်း ၎င်းတို့ကပြောကြားသည်။ **(အင်တာနက်)**

အီရန်အရှေ့မြောက်ပိုင်း၌ ငလျင်လှုပ်၊ အိမ်များပျက်စီးပြီး ၅၈ ဦးဒဏ်ရာရ

တီဟီရန် ဇန်နဝါရီ ၂၀

အီရန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဇန်နဝါရီ ၁၉ ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိသည့် ငလျင်လှုပ်ခဲ့ရာ အဆောက်အအုံများ ပျက်စီးပြီး ဒေသခံ ၅၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရန်နိုင်ငံ အိုင်အာအင်န်အေက ဇန်နဝါရီ ၂၀ ရက်၌ သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

ဆေးကုသပေး

အီရန်နိုင်ငံအရှေ့မြောက်ပိုင်း ခိုရာဆန်ရာဇာဗီပြည်နယ် နေရှာဘာမြို့ဆေးရုံတွင် အဆိုပါ ဒဏ်ရာရရှိသူများအား ဆေးကုသပေးလျက်ရှိသည်။ ငလျင်လှုပ်မှုကြောင့် နေရှာဘာမြို့နှင့် အနီးဝန်းကျင်ကျေးရွာများတွင် နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့သည်။ အဆိုပါ ငလျင်သည် ယင်းနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၆ နာရီ ၀၅ မိနစ်ခန့်က လှုပ်ခဲ့ခြင်းဖြစ်သည်။ ငလျင်ဗဟိုမှာ အရှေ့လောင်ဂျီတွဒ် ၅၈ ဒသမ ၈၉၁၅ ဒီဂရီနှင့် မြောက်လတ္တီတွဒ် ၃၆ ဒသမ ၂၈၃၉ ဒီဂရီအကြား၊ မြေအောက်အနက် ၁၀ ဒသမ ၄၀ ကီလိုမီတာကို ဗဟိုပြုလှုပ်သွားခဲ့ခြင်းဖြစ်သည်။

ငလျင်ဒဏ်ကြောင့် ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုများကို ကယ်ဆယ်ရေးအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ အီရန်နိုင်ငံ ဘမ်စီးတီးတွင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၆ အဆင့်ရှိသည့် ငလျင်လှုပ်ခဲ့မှုကြောင့် ၂၆၀၀၀ ဦး သေဆုံးခဲ့ပြီး ၃၀၀၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

ပါကစ္စတန်၌ နိုင်ငံခြားသားနှစ်ဦး ဓားစာခံအဖြစ် ဖမ်းဆီးခံရ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၀

ပါကစ္စတန်နိုင်ငံအလယ်ပိုင်း မူလ်တန်မြို့တွင် ဂျာမန်နိုင်ငံသားတစ်ဦးနှင့် အီတလီနိုင်ငံသားတစ်ဦးတို့အား အမည်မသိလက်နက်ကိုင်များက ဇန်နဝါရီ ၁၉ ရက်ညက ဓားစာခံအဖြစ် ဖမ်းဆီးသွားခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ဇန်နဝါရီ ၂၀ ရက်၌ ပြောကြားသည်။

အဆိုပါ နိုင်ငံခြားသားနှစ်ဦးမှာ ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်း ရေလွှမ်းခံရသည့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ဝန်ထမ်းများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းနိုင်ငံခြားသားနှစ်ဦးကို မူလ်တန်မြို့ ကာဆမ်ဘာလာအရပ်၌ ယင်းနေ့ ည ၈ နာရီခန့်က အမည်မသိလက်နက်ကိုင်များက ဖမ်းဆီးသွားခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များက အဆိုပါဒေသတွင် စီးနင်းရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။

ယခုအချိန်အထိ မည်သည့်လက်နက်အဖွဲ့အစည်းမျှ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ ၂၀-၁-၂၀၁၂

>> တင်မောင်လွင် - ရေးသားသည် <<

တရုတ်၌ ဓာတ်ငွေ့ပိုက်လိုင်းယိုစိမ့်မှု ပြင်ဆင်ပြီးစီး

တရုတ်နိုင်ငံတောင်ပိုင်းပင်လယ်တွင် ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု ယိုစိမ့်မှုဖြစ်ပွားမှုမှာ ပြန်လည်ပြင်ဆင်ပြီးနောက် ဓာတ်ငွေ့ဖြန့်ဖြူးမှုများပြန်လည်စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း နိုင်ငံ၏အကြီးဆုံး ကမ်းခြေစွမ်းအင်စူးစမ်းရှာဖွေရေးအဖွဲ့ဖြစ်သည့် တရုတ်အမျိုးသား အော့ဖ်ရှိုးကုမ္ပဏီမှ တာဝန်ရှိသူများက ဇန်နဝါရီ ၂၀ ရက်က ပြောကြားသည်။တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ် ကျူ့ဟိုင်မြို့ရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်ခုအတွင်း ယိုစိမ့်နေမှုကို တွေ့ရှိခဲ့ပြီးနောက် ပြင်ဆင်မှုများပြုလုပ်ခဲ့ရာ ပြီးခဲ့သည့် တနင်္လာနေ့က ထောက်ပံ့မှုပြန်လည်စတင်ပြုလုပ်နေပြီဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ ဒုတိယအထွေထွေမန်နေဂျာ ဂျောင်ဂန်ရှန်က ပြောကြားခဲ့သည်။ ဓာတ်ငွေ့ပိုက်လိုင်းအတွင်း ယိုစိမ့်သည့် အပေါက်နှစ်ပေါက်ကို တွေ့ရှိခဲ့ရပြီး ယာယီပိတ်ဆို့မှုများပြုလုပ်ခဲ့ကြောင်း၊ ကြာရှည်ခံမည့်ပြင်ဆင်မှုများ ပြုလုပ်ပြီး ပျက်စီးသွားသည့်အပိုင်းကို ပြန်လည်အစားထိုးသွားမည်ဖြစ်ကြောင်း ဂျောင်က ဆက်လက်ပြောကြားခဲ့သည်။ လောလောဆယ်တွင် ယင်းဓာတ်ငွေ့ပိုက်လိုင်းမှ နှစ်စဉ် ကုဗမီတာ နှစ်သန်းအထိ ဖြန့်ဖြူးပေးနေခြင်းဖြစ်ပြီး ယင်းဓာတ်ငွေ့၏ ၄၆ ရာခိုင်နှုန်းကို ဒေသခံများနှင့် စက်ရုံများ၏ လိုအပ်ချက်များအတွက် လုံလုံလောက်လောက် ထောက်ပံ့ပေးလျက်ရှိသည်။

အာဖဂန်နစ္စတန်ရှိ အိမ်များတွင် နှင်းများသုံးမီတာခန့် ပုံးအုပ်

အာဖဂန်နစ္စတန်နိုင်ငံအရှေ့မြောက်ပိုင်း တောင်ထူထပ်သောဒေသရှိ နှင်းဖုံးလွှမ်းနေသောကျေးရွာများသို့ ဇန်နဝါရီ ၁၉ ရက်က ရဟတ်ယာဉ်များဖြင့် ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ အကြီးမားဆုံးနှင်းကျမှုနှင့် နှင်းတုံးနှင်းခဲများ အိမ်များအတွင်း လိမ့်ကျလာမှုများကြောင့် သေဆုံးသူများထပ်မံတိုးလာကြောင်း အရာရှိတစ်ဦးက ပြောကြားသည်။

ဘာဒတ်ရှန်ပြည်နယ်အစွန်အဖျားဒေသတွင် သုံးမီတာကျော်ရှိ နှင်းခဲကြီးများ အိမ်များအတွင်း ပိတ်မိနေမှုကြောင့် လူဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါနေရာရှိ အဓိကလမ်းမကြီးများ ပြတ်တောက်နေမှုကြောင့်လည်း ထိခိုက်ခံနေရသည့် ကျေးရွာများအတွင်း ကယ်ဆယ်ရေးအလုပ်သမားများရောက်ရှိရန်ပင် အလွန်ခက်ခဲနေလျက်ရှိကြောင်း ယင်းအရာရှိက ဆက်လက်ပြောကြားခဲ့သည်။ နောက်ဆုံးထုတ်ပြန်သည့်စာရင်းအရ ဘာဒတ်ရှန်ပြည်နယ်ရှိ ခရိုင်ခုနစ်ခရိုင်တွင် လူ ၂၈ ဦး သေဆုံးပြီး ၅၄ ဦးဒဏ်ရာရကာ အခြား ကျွဲ၊ နွားတိရစ္ဆာန်ပေါင်း ၆၀၀ကျော် သေကျေပျက်စီးခဲ့သည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး အဘာတ်ဒူမာရာစပ်ခ်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ဗင်နီဇွဲလားတောင်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ

ဗင်နီဇွဲလားနိုင်ငံတောင်ပိုင်း ဗိုလီဗာပြည်နယ်၌ ဇန်နဝါရီ ၁၉ ရက်က ရဟတ်ယာဉ်တစ်စင်း ကာနိုင်မာအမျိုးသားဥယျာဉ်အတွင်း ပျက်ကျသွားခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါသွားသည့် ခရီးသည် ငါးဦးစလုံး သေဆုံးသွားခဲ့ကြောင်း ဒေသဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

ဘဲလ် ၂၀၆ အမည်ရှိ ခရီးဝေးပျံသန်းနိုင်သည့် အဆိုပါခရီးသွားလာရေး ရဟတ်ယာဉ်သည် ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းက အော်ရန်တီပွိုင်းကုန်းမြေမြင့်လွင်ပြင်ကို ဖြတ်ကျော်ပြီးနောက် ပျောက်ကွယ်သွားခဲ့သည်။ ဤဒေသမှာ ကမ္ဘာ့အရှည်ဆုံးရေတံခွန်ကြီးဖြစ်သည့် အိန်ဂျယ်ရေတံခွန်ကြီး တည်ရှိရာဒေသလည်း ဖြစ်သည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာဒေသ၌လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် တစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိသွားကြောင်း ဇန်နဝါရီ ၂၀ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ခိုင်ဘာဒေသ ချာဆက်ဒါမြို့တွင် ဇန်နဝါရီ ၂၀ရက်နံနက်က ဗုံးပေါက်ကွဲမှုဖြစ်သဖြင့် အမျိုးသားတစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းဒဏ်ရာရသူများကို ဒေသခံဆေးရုံသို့ ချက်ချင်းတင်ပို့လိုက်သည်။ အဆိုပါ ဗုံးခွဲအကြမ်းဖက်မှုနှင့် ပတ်သက်၍ မည်သည့်အုပ်စုကမျှ သူတို့လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခြင်းမရှိသေးပေ။

(အင်တာနက်)

မောင်မောင်မြင့်ဆွေ– စုစည်းသည်

၂၀၁၂ Screen Actors Guild Awards
ရုပ်ရှင်မင်းသားလီယိုနာဒိုနှင့် မင်းသမီးဂလန်းကလို့စ်တို့ ရေပန်းစား

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၀

၂၀၁၂ Screen Actors Guild Awards များကို ဇန်နဝါရီ ၂၉ ရက်မှာ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှာ ရွေးချယ်ချီးမြှင့်တော့မှာ ဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီး ဘီဂျို


ရုပ်ရှင်မင်းသား လီယိုနာဒို

(၁၈)ကြိမ်မြောက် အဲဒီဆုရွေးချယ်ချီးမြှင့်ပွဲမှာ အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆုအတွက် အမည်စာရင်းပါရှိပြီး ရေပန်းစားနေသူကတော့ ကမ္ဘာကျော်ဟောလိဝုဒ်ရုပ်ရှင် မင်းသား လီယိုနာဒိုပဲ ဖြစ်ပါတယ်။

လီယိုနာဒိုဟာ J. Edgar ဇာတ်ကားမှာ အကောင်းဆုံး သရုပ်ဆောင်ထားတာမို့ ဒီဆုကိုရရှိဖို့ ရေပန်းစားနေသူ ဖြစ်ပါတယ်။ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုရရှိမယ့်သူတွေစာရင်းမှာတော့ ရေပန်းအစားဆုံးက ရုပ်ရှင်မင်းသမီးဂလန်းကလို့စ် (GLENN CLOSE) ဖြစ်ပါတယ်။ သူမကတော့ Albert Nobbs ဇာတ်ကားမှာ ထူးချွန်ပြောင်မြောက်စွာ သရုပ်ဆောင်ထားတာမို့ ဆုရရှိမယ်လို့ ရေပန်းစားနေသူ ဖြစ်ပါတယ်။

အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကိုတော့ ကင်းနက်ဘရန်နက် (KENNETH BRANAGH) က ရေပန်းစားနေပြီး အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆုကိုတော့ ဘီဂျို (BEJO) က ရေပန်းစားနေကြောင်း သတင်းထုတ်ပြန် ထားပါတယ်။ **(အင်တာနက်)**

မင်းသား အက်စ်ယောင်းနှင့် မင်းသမီးဒီဂါမို ချစ်သူများဖြစ်ကြောင်း ထုတ်ဖော်ပြောကြား

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၀

အမေရိကန်ရုပ်ရှင်မင်းသား အက်စ်ယောင်းနှင့် ရုပ်ရှင်မင်းသမီး ဒီဂါမိုတို့က မိမိတို့သည် ချစ်သူများ ဖြစ်နေကြပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၄ရက်က တရားဝင်ထုတ်ဖော် ပြောကြားလိုက်ကြသည်။



အသက် ၃၁ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသားအက်စ်ယောင်းနှင့် အသက် ၂၄နှစ်အရွယ်ရုပ်ရှင်မင်းသမီး ဒီဂါမိုတို့သည် ၂၀၁၀ ခုနှစ်က အတူပါဝင်သရုပ်ဆောင်ခဲ့သော Hair ဇာတ်ကားမှ စတင်ကာ ချစ်သူများဖြစ်ခဲ့ကြခြင်းဖြစ်သည်။

ရိုက်ကူးကြမည်

Season 5 ဇာတ်ကားဖြင့်နာမည်ကြီးခဲ့သည့် ရုပ်ရှင်မင်းသား အက်စ်ယောင်းက မိမိတို့နှစ်ဦးမှာလောလောဆယ်၌ လက်ထပ်ကြဦးမည်မဟုတ်ကြောင်း၊ ချစ်သူဘဝဖြင့် ရုပ်ရှင်ကားများ ရိုက်ကူးကြမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ **(ယာပုံ)**

ရုပ်ရှင်မင်းသမီးဒီဂါမိုကလည်း မိမိတို့သည်ချစ်သူဖြစ်ခဲ့ကြသည်မှာ နှစ်နှစ်နီးပါးရှိပြီဖြစ်ကြောင်း၊ ပရိသတ်ကြီးအား ယခုမှထုတ်ဖော်ပြောကြားခြင်းဖြစ်ကြောင်း မိမိတို့အနုပညာလုပ်ငန်းများ အတူတကွလုပ်ကိုင်ကြဦးမည်ဖြစ်ကြောင်း သတင်းထောက်များအားပြောကြားခဲ့သည်။ **(အင်တာနက်)**

ဘောလိဝုဒ်ရုပ်ရှင်မင်းသမီး အင်ဒရီတာရေး၏ အနုပညာပုံရိပ်လွှာ

နယူးဒေလီ ဇန်နဝါရီ ၂၀

ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်း ရုပ်ရှင်ကားသစ်လေးကားရိုက်ကူးခဲ့တဲ့အပြင် ၂၀၁၂ ခုနှစ်မှာ ရုပ်ရှင်ကားသစ်ငါးကားရိုက်ကူးဖို့စီစဉ်နေတာကတော့ အိန္ဒိယဘောလိဝုဒ် ရုပ်ရှင်မင်းသမီး အင်ဒရီတာရေးပဲ ဖြစ်ပါတယ်။ ဒီနှစ်ပိုင်းတွေမှာ တစ်ရှိန်ထိုးကျော်ကြားလာတဲ့ လူငယ်အမျိုးသမီးသရုပ်ဆောင်တစ်ဦးလည်းဖြစ်ပါတယ်။

အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ ဘောလိဝုဒ်ရုပ်ရှင်မင်းသမီး အင်ဒရီတာရေး **(ယာပုံ)**ဟာ မော်ဒယ်တစ်ဦးဖြစ်ပြီး ၂၀၀၈ ခုနှစ်က စတင်ကာ Meravanige ဇာတ်ကားမှာ စတင်သရုပ်ဆောင်ခဲ့ရာက နာမည်ကြီးခဲ့သူဖြစ်ပါတယ်။ အဲဒီနှစ်မှာပဲ ဇာတ်ကားငါးကား ရိုက်ကူးခဲ့ပြီး Love Guru ဇာတ်ကားမှာ ပရိသတ်တွေ တစ်ခဲနက်အားပေးခြင်းခံခဲ့ရသူလည်း ဖြစ်ပါတယ်။

၂၀၀၉ခုနှစ်မှာ ရိုက်ကူးခဲ့တဲ့ Manasaare ဇာတ်ကားနဲ့အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု ဆွတ်ခူးရရှိခဲ့ပါတယ်။ ရုပ်ရှင်မင်းသမီး အင်ဒရီတာရေးရဲ့ဖခင်ဟာ အိန္ဒိယလေတပ်မှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်တစ်ဦးဖြစ်ပြီး မိခင်ဖြစ်သူက စိတ်ပိုင်းဆိုင်ရာအထူးကုဆရာဝန်တစ်ဦး ဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီးအင်ဒရီတာရေးဟာ အထက်တန်းကျောင်းပြီးတော့ အိန္ဒိယနိုင်ငံ အမ်အာအမ်ဘက်ကာသွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှာ ပညာသင်ယူရင်း တစ်ဖက်ကလည်း မော်ဒယ်အလုပ်လုပ်ကိုင်ခဲ့သူဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ ရုပ်ရှင်သရုပ်ဆောင်အဖြစ် ဇာတ်ကားတွေ ရိုက်ကူးခဲ့ခြင်းဖြစ်ပါတယ်။

၂၀၁၀ ခုနှစ်က ရိုက်ကူးခဲ့တဲ့ Veera Parampare ဇာတ်ကားနဲ့ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုအတွက် အမည်စာရင်းတင်သွင်းခံခဲ့ရပေမယ့် ဆုတော့မရရှိခဲ့ပါဘူး။ ထူးခြားတာကတော့ ရုပ်ရှင်မင်းသမီးအင်ဒရီတာရေးဟာ အိန္ဒိယနိုင်ငံဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီဖြစ်တဲ့ ကန်နာဒါးနဲ့ပဲ ဇာတ်ကားတွေ ဆက်တိုက်ရိုက်ကူးနေတာပဲဖြစ်ပါတယ်။ သူမရိုက်ကူးခဲ့တဲ့ Untitled Shashank Project ဇာတ်ကားကတော့ အိန္ဒိယနိုင်ငံတစ်ဝန်းမှာ ရုံတင်ပြသနေပြီဖြစ်ပါတယ်။ အဲဒီဇာတ်ကားဟာ ၂၀၁၁ ခုနှစ်အတွက်နောက်ဆုံးရိုက်ကူးခဲ့တဲ့ရုပ်ရှင်ကားလည်း ဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီးအင်ဒရီတာရေးဟာ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် တတိယနှစ်ကျောင်းသူတစ်ဦးဖြစ်တာမို့ ဆေးပညာကို တစ်ဖက်ကသင်ယူရင်း အောင်မြင်တဲ့ရုပ်ရှင်မင်းသမီးအဖြစ် ကြိုးစားနေသူတစ်ဦးလည်းဖြစ်ပါတယ်။ သူမဟာ လက်ရှိအချိန်အထိတော့ ယောကျာ်းလေးမိတ်ဆွေ မရှိသေးဘဲ ပညာရေးနဲ့ အနုပညာလုပ်ငန်းတွေပဲ စိတ်ပါဝင်စားစွာ လုပ်ကိုင်နေသူတစ်ဦးဖြစ်ပါကြောင်း။ **(အင်တာနက်)**

◆ *ကျောဖုံးမှ*

ကမ္ဘာကျော် ဒေးဗစ်ဘက်ခမ်း ၂၀၁၄ ခုနှစ်အထိ ဆက်ကစားနိုင်

လန်ဒန် ဇန်နဝါရီ ၂၀



ကမ္ဘာကျော်ဘောလုံးသမားကြီး ဒေးဗစ်ဘက်ခမ်းသည် ၂၀၁၄ ခုနှစ်အထိ အမေရိကန်ကလပ်တစ်ခုဖြစ်သည့် အယ်လ်အေဂလက်ဆီနှင့် စာချုပ်သစ်ချုပ်ဆိုပြီး စာချုပ်သက်တမ်းကုန်ဆုံးသည့်တိုင် ကြေးစားဘောလုံးသမားလောကတွင် ဆက်လက်ရှိနေနိုင်ကြောင်း ၎င်းက မျှော်လင့်ထားသည်။

အသက် ၃၇ နှစ်အရွယ်ရှိ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်းဘက်ခမ်း **(အပေါ်ပုံ)**သည် မေဂျာလိဂ်ကလပ်အယ်လ်အေဂလက်ဆီနှင့် နှစ်နှစ်သက်တမ်းစာချုပ်သစ် ချုပ်ဆိုထားပြီ ဖြစ်သည်။ မန်ယူနှင့်ရီးရဲမက်ဒရစ်တို့တွင် ကစားခဲ့သော ဘက်ခမ်းသည် လက်ရှိစာချုပ်အရ အသက် ၃၉ နှစ်တိုင်အောင် ဘောလုံးလောကတွင် နာမည်တစ်လုံးနှင့် ကျော်ကြားနေဦးမည်ဖြစ်သည်။ **(အင်တာနက်)**

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ရာဖေးလ်နာဒယ်နှင့် ဖက်ဒဲယားနိုင်ပွဲဆက်

မဲလ်ဘုန်း ဇန်နဝါရီ ၂၀

ရာဖေးလ်နာဒယ်သည် မဲလ်ဘုန်းမြို့၌ ကျင်းပလျက်ရှိသော ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နောက်ဆုံး ၁၆ ယောက်ပြိုင်ပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

*ရာဖေးလ်နာဒယ် **(ဝဲပုံ)**သည် ဆလိုဗက်မှ လူးကတ်လက်စကိုအား ၆-၂၊ ၆-၄၊ ၆-၂ ဖြင့် နိုင်ပြီး နောက်ဆုံး ၁၆ ယောက်ပြိုင်ပွဲသို့ တက်လှမ်းလာခြင်း ဖြစ်သည်။*

ကစားရမည်

၎င်းသည် ယင်းပြိုင်ပွဲတွင် အချိန် ၁ နာရီနှင့် ၅၅ မိနစ်ကြာ ကစားခဲ့ရသည်။ ကမ္ဘာ့အဆင့်နှစ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် နောက်တစ်ဆင့်ပြိုင်ပွဲတွင် ဂျွန်အစ္စနားသို့မဟုတ် ဖိလစ်စီယာနိုလိုပက်ဇ်နှင့် ကစားရမည် ဖြစ်သည်။

ဆွစ်ဇာလန်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် အီဗိုကာလိုဗစ်အား ၇-၆(၈-၆)၊ ၇-၅၊ ၆-၃ ဖြင့် နိုင်ပြီး နောက်ဆုံး ၁၆ သင်းပြိုင်ပွဲတက်လာသည်။ ၎င်းသည် နောက်တစ်ဆင့်ပြိုင်ပွဲတွင် အလက်ဇန္ဒားဒေါ် ဂိုပိုလော့ဗ် သို့မဟုတ် ဘားနတ်တောမစ်နှင့် ကစားရမည် ဖြစ်သည်။ ***(အင်တာနက်)***

ပရီမီယာလိဂ်တွင် ဂိုးအများဆုံးသွင်းထားသူများ

၁။	ဗန်ပါစီ	အာဆင်နယ်	၁၈ ဂိုး
၂။	ဘာဘာ	နယူးကာဆယ်	၁၅ ဂိုး
၃။	အဂူရို	မန်စီးတီး	၁၄ ဂိုး
၄။	ရွန်နေ	မန်ယူ	၁၃ ဂိုး
၅။	ယာကူဘူ	ဘလက်ဘန်း	၁၂ ဂိုး
၆။	ဒီဇီကို	မန်စီးတီး	၁၁ ဂိုး
၇။	အဒီဘာယော	စပါး	၉ ဂိုး
၈။	ဖလက်ချာ	ဝူလ်ဗာဟမ်တန်	၉ ဂိုး
၉။	လမ်းပတ်	ချယ်လ်ဆီး	၉ ဂိုး
၁၀။	စတာရစ်	ချယ်လ်ဆီး	၉ ဂိုး

(အင်တာနက်)

မီးဘေးအန္တရာယ်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

မကြာမီ ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ ရောက်ရှိတော့မည်ဖြစ်ရာ စက်သုံးဆီနှင့်ရေနံထွက်ပစ္စည်းများ သိုလှောင်သယ်ယူ ဖြန့်ဖြူးရောင်းချသူများအနေဖြင့် အောက်ဖော်ပြပါအချက်များကို အထူးအလေးထား လိုက်နာဆောင်ရွက်သွားနိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ စက်သုံးဆီသိုလှောင်ကန်/သိုလှောင်ရုံများနှင့်ပတ်သက်၍ သတ္တုတွင်းဦးစီးဌာန၏ သိုလှောင်ခွင့် လိုင်စင်ရှိရမည်။

၂။ စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းများနှင့်ပတ်သက်၍ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ရှိရမည်။

၃။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် သတိပေးဆိုင်းဘုတ်များ မြင်သာသည့်နေရာများတွင် ချိတ်ဆွဲထားရမည်။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက် စနစ်တကျရေးဆွဲထားပြီး အနည်းဆုံး တစ်လတစ်ကြိမ် ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ရမည်။

၄။ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည့် မီးသတ်ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိရမည့်အပြင် ဝန်ထမ်းများ စနစ်တကျကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန်အတွက် အခြေခံမီးသတ်သင်တန်း တက်ရောက်ထားရမည်။

၅။ စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းဝင်းအတွင်း မီးလောင်လွယ်စေတတ်သော ပစ္စည်းများနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများ ယူဆောင်လာခြင်း ရှိ/မရှိအား စစ်ဆေးကြပ်မတ်ရန်အတွက် လုံခြုံရေးဝန်ထမ်းများ ထားရှိတာဝန်ပေးအပ်ထားရမည်။

၆။ အဆောက်အအုံများနှင့် သိုလှောင်ကန်များတွင် မြေစိုက်ကြိုးနှင့် မိုးကြိုးလွှဲများ စနစ်တကျ တပ်ဆင်ထားရမည်။

၇။ သတ်မှတ်အရည်အသွေးပြည့်မီသည့် ပိုက်၊ ပိုက်ဆက်ပစ္စည်း၊ ဘား၊ ပန့်၊ ပန့်တိုင်နှင့်ဆီချပိုက်များကို တပ်ဆင်အသုံးပြုရမည်။ ဆက်သွယ်ထားသည့် ပိုက်လိုင်းများသည် စက်သုံးဆီနှင့် ဆီငွေ့များ ယိုစိမ့်မှုနှင့် လုံခြုံစိတ်ချရမှုရှိရမည်။

၈။ လျှပ်စစ်ပစ္စည်းကိရိယာများကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျ တပ်ဆင်သုံးစွဲရမည်။

၉။ စက်သုံးဆီသိုလှောင်ကန်စခန်းများတွင် ဆီတင်ယာဉ်ဆီဖြည့်သည့်နေရာ (Bowser Filling Shed) သီးသန့်ဆောက်လုပ်၍ စနစ်တကျ ဆောင်ရွက်ရမည်။

၁၀။ ပီပါဖြင့် ဖြန့်ဖြူးရောင်းချပါက ပီပါဆီဖြည့်ရုံ (Drum Filling Shed) သီးသန့်ဆောက်လုပ်၍ စနစ်တကျ ဖြန့်ဖြူးရောင်းချရမည်။

၁၁။ မြစ်ကမ်းနဖူးတွင် တည်ဆောက်ထားသော စက်သုံးဆီသိုလှောင်ကန်စခန်းဖြစ်ပါက ဆီတင်/ဆီချဆိပ်ခံ၊ ဆိပ်ခံတံတား၊ ဆီတင်/ဆီချပန့်များ၊ ပိုက်လိုင်းများ၊ ဆီချပွိုင့်၊ ဆီဖြည့်ပွိုင့်နှင့် စက်သုံးဆီလက်ခံ သိုလှောင်ဖြန့်ဖြူးမည့် သံကန်များ စနစ်တကျ တည်ဆောက်တပ်ဆင် အသုံးပြုရမည်။

၁၂။ ဆီတင်ယာဉ်တစ်စီး၏ အင်္ဂါရပ်နှင့်အညီ သတ်မှတ်ပါရှိရမည့် ပစ္စည်းကိရိယာများ စုံလင်စွာတပ်ဆင်ထားရမည်။

စွမ်းအင်ဝန်ကြီးဌာန

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား ဩစတြေးလျနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Moules သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ရုံး၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** တိုင်းဒေသကြီးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ် ရပ်ကွက် မီးဘေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုးနှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြိတ်-ထားဝယ် ပြည်ထောင်စုလမ်းမတစ်လျှောက် တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၀

တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဇန်နဝါရီ ၁၈ ရက်တွင် မြိတ်မြို့မှ ထားဝယ်မြို့သို့ ဆက်သွယ်သော ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် အမှတ်(၁၃၆)၌ လမ်းအရှည် ၅ ဖာလုံ ထပ်ပိုးလွှာခင်း၍ ၁၂ ပေ အကျယ် ကတ္တရာရေပိတ်လွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းအကျယ် အပြည့်အဝရှိစေရေး၊ လမ်းပခုံးကောင်းမွန်ရေး၊ လမ်းပေါ်တွင် ရေမဝပ်စေရေးတို့ကို မှာကြား၍ ဘုတ်ချောင်းရွာ ဗင်းတေ့ရော်ဘာ အခြောက်ခံစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်တိုင်အမှတ် (၁၂၀/၆) ရှိ ကြံရွာဘေလီတံတားသို့ ရောက်ရှိရာ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးခင်သက်က တံတားပျက်စီးနေမှု အခြေအနေနှင့် ပြင်ဆင်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်က ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် အမြန် ပြုပြင်ဆောင်ရွက်ရန် မှာကြား၍ ပုလောမြို့နယ် မကျည်းကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် ဇရပ်ဆိပ်-ကျောက်မဲ၊ တောင်ယာကမ်းရွာအဝင်လမ်းတို့ကို ကြည့်ရှုစစ်ဆေးကာ ပုလောမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသော လူနာများအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေနှင့် အလှူငွေများ ပေးအပ်သည်။

ဆက်လက်၍ ပုလောမြို့ကမ်းရိုးတန်းရတနာခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေး၊ လျှပ်စစ်မီး စျေးသက်သာစွာ သုံးစွဲနိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများကို ဆွေးနွေးမှာကြားပြီး မိုင်တိုင်အမှတ် ၉၄ မိုင် ၇ ဖာလုံနှင့် ၉၅ မိုင်အကြား၌ ယန္တရားကြီးများဖြင့် လမ်းချဲ့နေမှု၊ မိုင်တိုင်အမှတ် ၇၅ မိုင် ၆ ဖာလုံ၌ ကတ္တရာလမ်း ပြုပြင်နေမှုနှင့် ပလောက်မြို့နယ်ခွဲ၏ (၁၆) ခုတင်ဆံ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှု ခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် မိုင်တိုင်အမှတ် ၄၄ မိုင် ၃ ဖာလုံအကြား လမ်းပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရုံးခန်းသစ်ဖွင့်

သာစည်မြို့နယ် အမှတ်(၇) ရပ်ကွက်ရှိ ကောင်းမြတ်ငွေစုငွေချေး သမဝါယမအသင်းလီမိတက် ဆိုင်းဘုတ်တင်ပွဲနှင့် ရုံးခန်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က အဆိုပါ ရုံးခန်းသစ်၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးလှိုင်မိုးနှင့် ကောင်းမြတ်ငွေစုငွေချေးသမဝါယမအသင်း အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ဝင် ဦးသိန်းတန်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွဲကွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၀ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့တွင် ၁ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဇန်နဝါရီ ၃ ရက်က လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွန်းမစိန်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်အေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀ MRTV-4 သတင်း
၅:၄၀ **ပဋိစ္စသမုပ္ပာဒ်ကျင့်စဉ်** တရားတော် (မြောက်ဦးဆရာတော် ဝနဝါသီ အရှင်ဝါယာမိန္ဒ)
၆:၃၀ သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၃)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၄၆)
၈:၅၀ The Shop Around The Conner (Part-5)
၉:၀၀ New Star Gams &Jewellery Show (Part -3)
၉:၄၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၀၅ CEO Classic Golf TOURNAMENT ဂေါက်သီးရိုက်ပြိုင်ပွဲ
၁၀:၂၀ ကြည်နူးပျော်ရွှင်စွာဆင်နွှဲ မြောင်းမြမြို့ အထက(၁)၏ အာစရိယပူဇော်ပွဲ
၁၀:၄၀ ဂုဏ်ထူးဦးသိန်းနိုင်၏ ပညာရည်ချွန်ဆုပေးပွဲနှင့် အာစရိယပူဇော်ပွဲ
၁၁:၀၀ ပါမောက္ခဒေါက်တာခင်မောင်ဝင်း (အသည်း)နှင့် အဖွဲ့၏ အခမဲ့ နယ်လှည့် ဆေးကုသမှုခရီးစဉ် (မုဒုံမြို့)
၁၁:၂၀ Silk & Style 4th Anniversary
၁၁:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၁)
၁၂:၃၀ ယဉ်ကျေးလိမ္မာကလေးအထူး တရားသင်တန်း(ဓမ္မဒူတတောရ သာသနာ့ရိပ်သာ)
၁:၀၀ **ပဋိစ္စသမုပ္ပာဒ်ကျင့်စဉ်** တရားတော် (မြောက်ဦးဆရာတော် ဝနဝါသီ အရှင်ဝါယာမိန္ဒ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၄၆)
၃:၃၀ **MNL MYANMAR 2012 (Magwe FC Vs Rakhapura United Fc) (LIVE)**
၅:၃၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၂)
၆:၀၀ MRTV -4 သတင်း
၆:၁၅ Kid's Show
၆:၄၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၄)
၇:၄၀ Movie Talk (ရုပ်ရှင်ထူးချွန်ဆုသမိုင်း) ဒါရိုက်တာကြည်စိုးထွန်း (အပိုင်း-၆)
၈:၀၀ MRTV -4 သတင်း
၈:၃၀ သွားမယ်စားမယ် (Main Resturant)
၈:၄၅ ပြန်လည်ခံစား အကယ်ဒမီပွဲတက် ဖက်ရှင်များ
၈:၅၅ ရန်ကုန်မြင်ကွင်းကျယ် (ဦးကြူမိသားစု၏ စက်သစ်ကြီး စတင်လည်ပတ်ခြင်းနှင့် မိတ်ဆက်ခြင်းအခမ်းအနား)
၉:၁၀ Fashion Week ရွှေကံ့ကော်ပိုးထည်တိုက် (အပိုင်း-၂)
၉:၂၅ **Barclays Premier League Everton Vs Blackburn**
၁၁:၂၅ VJ Choice
၁၁:၅၅ **Barclays Premier League Bolton Vs Liverpool**
၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၄၇)
၂:၅၀ **သွေးသစ္စာ** မင်းသွေး၊ ပုလဲဝင်း၊ ဦးစိုးမြင့် ဒါရိုက်တာ-အောင်မိုး (ပဲရစ်)
၃:၀၀ World of Knowledge (Air Crash Investigation; Fatal Fix)
၃:၄၅ Aureum Palace Resort (Ngwe Saung)
၄:၁၅ ခါတစ်လှည့်…လာလှည့်ပါ ဆိပ်ခွန်ရွာ…
၄:၃၀ စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မဟာစည်သာသနာ့ရိပ်သာ
၄:၄၀ မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝဂျယ်ကိုသုံးကြစို့
၄:၅၀ သာသနာပျိုးခင်း

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League **ဘောလုံးပွဲစဉ်**

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၁၀	Norwich- Chelsea	(ESPN)
၉:၂၅	Fulham- Newcastle	(ESPN)
၉:၂၅	Everton- Blackburn	(Star Sport) (MRTV-4)
၁၁:၅၅	Bolton- Liverpool	(ESPN) (MRTV-4)

အလုံမြို့နယ်ရှိ ရှစ်ထပ်တိုက်တစ်လုံး အလိုအလျောက် အက်ကွဲကြောင်းများ ဖြစ်ပေါ်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်မြောက်ရပ်ကွက် အောက်ကြည့်မြင်တိုင် လမ်းမကြီးပေါ်ရှိ တိုက်အမှတ် ၃၆၇ ရှစ်ထပ်တိုက်ကြီးမှာ **(ယာပုံ)**ဇန်နဝါရီ ၁၉ ရက် ည ၁၀ နာရီ မိနစ် ၄၀ ခန့်က တိုက်အနောက်ဘက် ညာဘက်ခြမ်းနှစ်လွှာတွင် အလိုအလျောက် အက်ကွဲကြောင်းများ ဖြစ်ပေါ်လာခဲ့ကြောင်း သိရသည်။

၎င်းတိုက်ဘေးအိမ်တွင်နေသူ အမျိုးသမီးတစ်ဦးက "ည ၁၀ နာရီခွဲကျော် ကျော်လောက်က စပါတယ်။ နောက်ဖေး မီးဖိုဆောင် သွပ်ပြားပေါ်ကို သဲကျသံတွေ ကြားလို့ ထွက်ကြည့်တော့ အခုလိုဘေး တိုက်ကြီးက အက်ကွဲကြောင်းပေါ်ပြီး သဲတွေကျလာတာကို တွေ့ရပါတယ်။ အဲဒါနဲ့ လန့်ဖျပ်ပြီး ရပ်ကွက်လူကြီးတွေကို အကြောင်းကြားခဲ့ပါတယ်" ဟု ပြောပြ၍ သိခဲ့ရသည်။ ထို့နောက် အနီးအနားမှ လူတစ်ဦးက "ဒီတိုက်က ၂၀၀၆ ခုနှစ်ကမှ ဆောက်ထားတာ"ဟု ဖြည့်စွက်ပြောကြားပေးသည်။

ခေတ္တနေရာချ

အချိန်နှင့်တစ်ပြေးညီ ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများ ရောက်ရှိလာပြီး ယင်းအဆောက်အအုံတွင် နေထိုင်သူများနှင့် တိုက်ဝန်းကျင်နေ အိမ်ထောင်စု ၃၁ စု လူဦးရေ ၂၂၉ ဦးတို့အား ချက်ချင်းပြောင်းရွှေ့စေပြီး အထက (၁) နှင့် အမက(၄)တို့တွင် ခေတ္တနေရာချပေးခဲ့သည်။

အခင်းဖြစ်ရာသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ လူမှုရေးရာဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ရဲဗလကိုကိုလှိုင်၊ ရန်ကုန်မြို့ စည်ပင်သာယာရေးကော်မတီဝင်(၃) ဦးညီညီနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည့်အကူအညီများပေးခဲ့ကြောင်း သိရသည်။

ပြောကြား

ဤကဲ့သို့ ရန်ကုန်မြို့တွင် တိုက်များ မကြာခဏပြိုကျခြင်း၊ မြေများနိမ့်ကျခြင်း၊ အက်ကွဲကြောင်းများ မကြာခဏဖြစ်ပေါ်ခြင်း စသည်တို့အတွက် ကန်ထရိုက်များ တည်ဆောက်မှုအပေါ် အရည်အသွေးပြည့်မီရန် လိုအပ်ကြောင်းနှင့် မြို့တော်စည်ပင်သာယာရေးအဖွဲ့မှလည်း သတ်မှတ်စံချိန်စံညွှန်းနှင့် ပြည့်မပြည့်၊ ဂရုစိုက်ကြပ်မတ်စစ်ဆေးပေးရန် ဆန္ဒရှိနေကြောင်း တိုက်အက်ကွဲမှုကို လာရောက်ကြည့်ရှုနေကြသည့် ပြည်သူများက ပြောကြားခဲ့ကြသည်။ (၀၄၂)

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်အား ဟောင်ကောင်မှဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၀

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်အား ဟောင်ကောင် Texhong Textile Group Limited မှ Chairman Hong Tian Zhu ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် ညနေ ၃နာရီ မိနစ် ၂၀တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံး၌ လာရောက်တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုး၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးဝင်းကိုကိုနှင့် တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှခိုင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်အား ဟောင်ကောင် Texhong Textile Group Limited မှ Chairman Hong Tian Zhu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အခွန်တံဆိပ်ခေါင်းအတုပြုလုပ်ရောင်းချမှုများ ဖော်ထုတ်အရေးယူနေ

နေပြည်တော် ဇန်နဝါရီ ၂၀

ယခုအခါ အချို့သောမြို့နယ်များ၌ မသမာသူတို့သည် အစိုးရက ထုတ်ဝေထားသည့်တံဆိပ်ခေါင်းများမဟုတ်သည့် ၅ ကျပ်တန်၊ ၆ ကျပ်တန်၊ ၁၀ ကျပ်တန်၊ ၂၅ ကျပ်တန် နှိပ်တံဆိပ်ခေါင်းအတုများကို အလွတ်အဖြစ်လည်းကောင်း၊ အသင့်သုံး စာချုပ်စာတမ်းပုံစံအဖြစ် ရိုက်နှိပ်၍လည်းကောင်း ရောင်းချလျက်ရှိကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာက ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါတံဆိပ်ခေါင်းအတုများဖြင့် စာချုပ်ချုပ်ဆိုဆောင်ရွက်မိကြပါက မိမိတို့ချုပ်ဆိုထားသည့် အကြောင်းအရာကိစ္စအတွက် အရေးယူဆောင်ရွက်ချက်မပြုနိုင်၍ တရားမဝင်ဖြစ်ကာ ပြည်သူလူထုအနေဖြင့် နစ်နာမှုများစွာ ဖြစ်စေနိုင်ကြောင်း၊ သို့ဖြစ်၍ တံဆိပ်ခေါင်းများကို ပြင်ပဈေးကွက်တွင် အလွယ်ဝယ်ယူခြင်းမပြုဘဲ မိမိတို့နှင့်နီးစပ်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၌ မိမိတို့ဆောင်ရွက်ကြမည့်ကိစ္စ၊ ချုပ်ဆိုမည့် စာချုပ်စာတမ်းအမျိုးအစားတို့ကို မှန်ကန်စွာ တင်ပြကြလျက် ထိုက်သင့်သည့်တံဆိပ်ခွန်ကို ကပ်နှိပ်ရမည့် တံဆိပ်ခေါင်းအမျိုးအစား မှန်ကန်စွာဖြင့် ကပ်နှိပ်ဆောင်ရွက်သင့်ကြောင်း၊ အများပြည်သူမနစ်နာစေရန်အတွက် အတုပြုလုပ်သူများနှင့်ပတ်သက်၍ သတင်းရရှိပါက နီးစပ်ရာပြည်တွင်းအခွန်များဦးစီးဌာနရုံးများသို့ သတင်းပေးပို့ကြရန် ပြည်တွင်းအခွန်များဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

မည်သူမဆို တံဆိပ်ခေါင်းရောင်းချသူအဖြစ် ခန့်အပ်ခြင်း မခံရပါလျက် တံဆိပ်ခေါင်းရောင်းချလျှင် သို့မဟုတ် တံဆိပ်ခေါင်းတစ်စုံတစ်ရာကို ဥပဒေနှင့်ဆန့်ကျင်၍ လက်ဝယ်ထားရှိလျှင် လည်းကောင်း၊ တံဆိပ်ခေါင်းအတုပြုလုပ်လျှင်လည်းကောင်း၊ တံဆိပ်ခေါင်းအတု ပြုလုပ်သည့်ကိရိယာပစ္စည်းများကို ပြုလုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်းများအတွက်လည်းကောင်း၊ တံဆိပ်ခေါင်းအတုမှန်းသိပါလျက် အစစ်အမှန်အဖြစ် အသုံးပြုလျှင်လည်းကောင်း ပြစ်မှုဆိုင်ရာ ဥပဒေများအရ ထောင်ဒဏ်၊ ငွေဒဏ်များ ကျခံရနိုင်ကြောင်း သိရှိရသည်။ သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် ပြည်ပမှ အခွန်တံဆိပ်ခေါင်းများကို ဝယ်ယူအသုံးပြုပါက အထူးဂရုပြုစိစစ်ဝယ်ယူကြရန်နှင့် သက်ဆိုင်ရာပြည်တွင်းအခွန်များဦးစီးဌာနရုံးများတွင် မိမိအမှန်တကယ် အသုံးပြုလိုသော ကိစ္စရပ်အတွက် လိုအပ်သော အရေအတွက်ကို တံဆိပ်ခေါင်းများအပေါ်တွင်ပါရှိသော သတ်မှတ်တန်ဖိုးများအတိုင်း ငွေအပိုမပေးရဘဲ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် စီမံထားရှိကြောင်း သိရှိရသည်။

(အောင်မိုးကြည်-ပြည်တွင်းအခွန်)

❒ *ကျော်ဖုံးမှ*

ပြီးခဲ့သည့် ဆယ်စုနှစ်မှ စတင်ခေတ်စားလာခဲ့သည့် ဒီဂျစ်တယ် နည်းပညာများ၏ နောက်သို့ အမီလိုက်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း မြောက်မြားစွာသော နည်းပညာတိုးတက်မှုများကို ယှဉ်ပြိုင်မှု အားနည်းခဲ့ခြင်းကြောင့် ၂၀၀၀ ခုနှစ် နောက်ပိုင်းတွင် ဈေးကွက်ပိုင်စိုးမှုအနေအထားမှာ အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံမှသည် သန်း ၁၅၀အထိ ထိုးဆင်းသွားခဲ့သည်။ ယခုအခါ ကုမ္ပဏီအနေနှင့် ဆက်လက်ရပ်တည်ရန် ခက်ခဲမှုများနှင့် ရင်ဆိုင်နေရပြီး နောက်ဆုံးအနေဖြင့် ဒေဝါလီခံရသည့်အဖြစ်သို့ ဆိုက်ရောက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာပေါ်ရှိ Kodak ချစ်သူအများစုမှာ ယခုကဲ့သို့ ကျဆုံးသွားရခြင်းအပေါ်၌ ကရုဏာသက်ခဲ့ကြပြီး လက်ရှိတွင် ဈေးကွက်အတွင်း၌ရှိသည့် Kodak ပစ္စည်းများကို လျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း အဆိုပါ သတင်းဌာနက ရေးသားထားသည်။ **(၁၅၀)**

ကလေးမြို့နယ်၌ ဝယ်စလီဆေးရုံ ငွေရတုသဘင်အထိမ်းအမှတ် စည်ကားသိုက်မြိုက်စွာကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

ဆင်းရဲချို့တဲ့သူအား သက်သာစွာဆေးဝါးကုသနိုင်ရန် ရည်ရွယ်၍ ထူထောင်ခဲ့သော ဝယ်စလီဆေးရုံ (Wesley Hospital) ငွေရတုသဘင် အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တာဟန်းရပ်ကွက် မက်သဒစ်ရာပြည့်ခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ အထက်မြန်မာပြည် မက်သဒစ်အသင်းတော် ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးဇော်ဝင်းအောင်၊ သိက္ခာတော်ရဆရာတော်ကြီး ဦးလောမ်ဆားငါနှင့် တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာထန်ဘီလ်လွယ်တို့က အခမ်းအနားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိန်ဝင်းက ငွေရတုသဘင်အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ သိက္ခာတော်ရဆရာဦးရာလ်ဆွန်က အဖွင့်ဆုတောင်းပေးပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဝယ်စလီဆေးရုံအတွက် အကျိုးဆောင်ပေးခဲ့ကြသောပုဂ္ဂိုလ်များ၊ အချိန်ပြည့် တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများ၊ (၂၅)ကြိမ်နှင့်အထက် သွေးလှူရှင်များနှင့် ဆေးရုံငွေပဒေသာပင်အလှူငွေကျပ် ငါးသိန်းနှင့်အထက် အလှူရှင်များအားဂုဏ်ပြုမှတ်တမ်းများကိုတာဝန်ရှိသူများကပေးအပ်ကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းနှင့် ကလေးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဒေသခံပြည်သူ ၃၅၀၀ ကျော်တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

✻ *ကျော်ဖုံးမှ*

ယင်းနောက် UN-Habitat ဌာနေကိုယ်စားလှယ်က စက်ပစ္စည်း ကိရိယာများ လွှဲပြောင်းပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက လက်ခံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗဟိုသင်တန်းကျောင်းအတွင်း ကွန်ကရစ်ဘလောက်တုံးဖြင့် လက်တွေ့ရေကန်ပြုလုပ်နေမှု၊ ကွန်ကရစ်ဘလောက်တုံးကို ပုံဖော်ပုံသွင်းစက်ကိရိယာဖြင့် အဆင့်ဆင့်ပြုလုပ်နေမှု၊ ကွန်ကရစ်ဘလောက်တုံး အရည်အသွေးကို (Hydraulic) စမ်းသပ်စက်ဖြင့် စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကွန်ကရစ်ဘလောက်တုံး အသုံးပြုဆောက်လုပ်မည့် အဆောက်အအုံ အုတ်မြစ်ချ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီး ဦးကျော်လွင်၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းနှင့် UN-Habitat ဌာနေကိုယ်စားလှယ်တို့က အဆောက်အအုံကို အုတ်မြစ်ချပေးကြသည်။

ဆက်လက်ကျင်းပ

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် UN- Habitat တို့၏ နားလည်မှုစာချွန်လွှာပါ စီမံကိန်း (၁)၊ မြို့ပြဒေသဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနရုံးခန်းအကြိုဖွင့်ပွဲ အခမ်းအနားကို ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ UN- Habitat အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များသည် ရုံးခန်းပြင်ဆင်ထားရှိမှုနှင့် ခင်းကျင်းပြသထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ အောင်ပြည့်စုံ ဆောက်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ဖွဲ့စည်းခြင်းအခမ်းအနားကို မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၇ ရက်က ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိန်းတင် အသင်းဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (၀၅၁)

သာကေတမြို့နယ် အမက (၂၂)၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် စတုတ္ထတန်း၌ ဘက်စုံပထမဆုရရှိသူ မသင်းနုစံအား ကျောင်းအုပ်ဆရာကြီး ဦးဝင်းမိုလ် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

စဉ့်ကိုင်မြို့နယ်ထွက် ဆီးပန်းသီးများ ရန်ကုန်ဈေးကွက်သို့တင်ပို့

စဉ့်ကိုင် ဇန်နဝါရီ ၂၀

စဉ့်ကိုင်မြို့နယ်သည် မြန်မာနိုင်ငံတွင် သရက်သီးနှင့် ဆီးသီး မျိုးကောင်းမျိုးသန့်များ အများဆုံး ထွက်ရှိရာဒေသတစ်ခုဖြစ်သည်။ အဆိုပါဒေသတွင် မြေဆီလွှာ အမျိုးအစားစုံလင်ပြီးရာသီဥတုမှာလည်းသရက်ပင်နှင့်ဆီးပင်များ ကြိုက်နှစ်သက်သည့် ရာသီဥတုအနေအထားမျိုး ရှိသည်။ ယခုအခါ စဉ့်ကိုင်မြို့နယ်မှ ထိုင်ဝမ်ဆီးသီးခေါ် ဆီးပန်းသီးများ အမြောက်အမြားထွက်ရှိနေပြီဖြစ်ရာ စဉ့်ကိုင်မြို့နယ်မုံပင်ရွာအနီးရှိK.O.W အဆင့်မြင့်စိုက်ပျိုးရေးခြံသို့ သွားရောက်လေ့လာဖြစ်ခဲ့သည်။

K.O.W အဆင့်မြင့် စိုက်ပျိုးရေးခြံပိုင်ရှင် ဦးကိုကိုဦးအား သိလိုသည်များမေးမြန်းခဲ့ရာ "ကျွန်တော်တို့ မနက်ခင်းနှင်းကွဲချိန်ကနေစပြီး ဆီးသီးတွေကို ခူးပါတယ်။ နေ့လယ်စာစားချိန်အထိပေါ့။ နေ့လယ်စာ စားပြီးတာနဲ့ ဆီးသီးတွေကို အတန်းအစားခွဲတဲ့လူက ခွဲပြီး ဂျပ်ဖာတွေနဲ့ သူ့အတန်းအစားအလိုက် Packing လုပ်ပါတယ်။ Packing လုပ်ပြီးသမျှ ဆီးပန်းသီးဖာတွေကို ထော်လာဂျီနဲ့သယ်ထုတ်ပြီး စဉ့်ကိုင်မြို့ဝင်းသစ္စာကားဂိတ်နဲ့ ကိုးမြေချမ်းသာ (မိသားစု) ကားဂိတ်တွေမှာ ဆီးဂျပ်ဖာတွေကို ၁၀ ဘီး၊၁၂ ဘီးကားတွေနဲ့ တင်ရပါတယ်။ ရန်ကုန် သီရိမင်္ဂလာဈေးက သစ်သီးပွဲရုံတွေဆီကို ပို့ပါတယ်။ ဈေးအနေနဲ့ကတော့ ဆီးပန်းသီး တစ်ဖာကို ငွေကျပ် ၅၀၀၀ ကနေ ငွေကျပ် ၈၀၀၀၊ ကျပ် ၁၀၀၀၀ နဲ့ ရှယ်အလုံးကြီးတွေကို တစ်ဖာလျှင် ငွေကျပ် ၁၃၀၀၀ နှင့် ငွေကျပ် ၁၄၀၀၀ အထိ ဈေးရပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ ရှယ်အလုံးကြီးတွေတစ်ဖာကို ငွေကျပ် ၁၇၀၀၀ နဲ့ ၁၈၀၀၀အထိ ရောင်းချကြတယ်လို့ သိရပါတယ် "ဟု ပြောပြသည်။

ကိုးမြေချမ်းသာမိသားစုဂိတ်မှ ဂိတ်မှူးဦးဝင်းဇော်က "ကျွန်တော်တို့ ယခုပို့နေတဲ့ ဆီးသီးတွေကမုံပင်ရွာ၊ မိုးကောင်းရွာဘက်ကထွက်တဲ့အသီးတွေဖြစ်ပါတယ်။ ခွန်ရဲရွာ၊ရှမ်းကန်ရွာတွေကအသီးတွေက မထွက်သေးပါဘူး။ ယခုအသီးတွေက ဖေဖော်ဝါရီလကုန်အထိ ခူးရမှာပါ၊ မုံပင်နယ်ဘက်ကအသီးတွေ ကုန်ခါနီးမှာ စွန်ရဲ၊ ရှမ်းကန်နဲ့အခြားနယ် ဘက်က ထွက်တဲ့ အသီးတွေဆက်ပို့မှာပါ" ဟု ပြောပြသည်။

ဆီးပန်းသီးပင်များကို တွေ့ရစဉ်။

ယခုအခါ စဉ့်ကိုင်မြို့နယ်မှ ဆီးပန်းသီးများကို ရန်ကုန်နှင့် အခြားဈေးကွက်များသို့ လိုင်လိုင်တင်ပို့လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ZayKabar Myanmar Open 2012 ပြိုင်ပွဲ၌ မြန်မာဂေါက်သီးကစားသမားများ အောင်နိုင်ရေးအတွက် Road To Victory ဂေါက်သီးရိုက်ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာပီဂျီအေနှင့် Asian Tour တို့ ပူးပေါင်းကျင်းပမည့် ZayKabar Myanmar Open 2012 ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ၅ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတွင် မြန်မာဂေါက်သီးကစားသမားများ အောင်နိုင်ရေးအတွက် အကြိုဂေါက်သီးရိုက်ပြိုင်ပွဲ (Road To Victory) ကို ဇန်နဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ Royal Mingalardon Golf & Country Club ၌ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသွားမည်ဖြစ်ရာ ရွေးချယ်ခံထားရသူ ပြိုင်ပွဲဝင်ကစားသမားများဖြစ်ကြသော ဇော်ဇော်လတ်၊ စိုးကျော်နိုင်၊ ယဉ်အောင်လတ်၊ လှမျိုး၊ မင်းနိုင်၊ အောင်ဝင်း၊ ဘိုဘို၊ သိန်းဇော်မြင့်၊ နိုင်နိုင်လင်း၊ ရန်မျိုးအေး၊ ဇော်ဇင်ဝင်း၊ အောင်ဆန်းဝင်း၊ နေဗလဝင်းမြင့်၊ မြင့်ရွှေ၊ စိုးမိုးဝင်း၊ ရန်နိုင်ဖြိုးနှင့် မြန်မာ့လက်ရွေးစင်ကစားသမားများဖြစ်ကြသော မျိုးဝင်းအောင်၊ မောင်မောင်ဦး၊ နိုင်ရဲလင်းနှင့် ရဲထက်အောင်တို့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အခမဲ့ကြည့်ရှုနိုင်

ယခုကျင်းပမည့်အကြိုပြိုင်ပွဲသည် မြန်မာအိုးပင်းအတွက် လက်ရည်မြှင့်တင်ပေးသောပွဲဖြစ်ခြင်းနှင့် ပွဲအောင်နိုင်ရေးအတွက် နိုင်ငံတကာမှ ဂေါက်သီးအကျော်အမော်များနှင့် လက်ရည်တူယှဉ်ပြိုင်ကာ အကောင်းဆုံးလက်စွမ်းပြနိုင်ရေးကို ဦးတည်ယှဉ်ပြိုင်စေမည့်ပြိုင်ပွဲကြီးဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

21-1 (07).pmd 1 1/21/2012, 3:45 AM

❖ *ရှေ့ဖုံးမှ*

နိုင်ငံတော်သမ္မတ ။ ယနေ့မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးကိစ္စတွေနဲ့ ပတ်သက်ပြီး တွန်းအားပေးတာကတော့ မြန်မာနိုင်ငံပြည်သူလူထုပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ဟာ ပြည်သူလူထုရဲ့ဆန္ဒတွေကို လိုက်လျောပြီး ယခုလို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ကိုယ့်တိုင်းပြည်ကို တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းရှိစေချင်တယ်။ နောက်တစ်ခါ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်စေချင်တယ်။ ဒါဟာ ယနေ့ပြည်သူတွေရဲ့ ဆန္ဒပဲဖြစ်ပါတယ်။ ပြည်သူတွေရဲ့ အဲဒီဆန္ဒတွေကို လိုက်လျောပြီး ပြုပြင်ပြောင်းလဲမှုတွေကို အခုလို လုပ်ဆောင်နေတာဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒနဲ့အညီ တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ ပြည်တွင်းနိုင်ငံရေးအင်အားစုတွေနဲ့ သင့်မြတ်အဆင်ပြေဖို့ အရေးကြီးပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် နားလည်မှုရရှိခဲ့ပြီး ပြည်တွင်းနိုင်ငံရေးအခြေအနေကလည်း တည်ငြိမ်အေးချမ်းမှု ပိုပြီး ရှိသွားပါတယ်။ နောက်တစ်ချက်က ပြည်သူလူထုအနေနဲ့ တိုင်းပြည်မှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ရှိစေချင်ကြပါတယ်။ ဒါကြောင့်မို့ လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းပြီး ဆွေးနွေးဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွေဟာ ပြည်သူလူထုရဲ့ လိုလားချက်ဆန္ဒအပေါ်မှာအခြေခံပြီး ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ တွန်းအားပေးတာကတော့ ပြည်သူလူထုပဲဖြစ်ပါတယ်။

Washington Post ။ ပြောရမယ်ဆိုရင် ဒီလုပ်ဆောင်ချက်တွေဟာ ပြည်သူ့ဆန္ဒတွေဖြစ်သလို တကယ်တမ်းကျတော့ သမ္မတကြီးက Initiative ယူပြီး လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ သမ္မတကြီးကိုယ်တိုင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ အနာဂတ်အပေါ် သမ္မတကြီးရဲ့အမြင်ကို သိလိုပါတယ်။

နိုင်ငံတော်သမ္မတ ။ အနာဂတ်မှာ မြန်မာနိုင်ငံရဲ့ အနေအထားက ပိုမိုပွင့်လင်းမြင်သာပြီး ကမ္ဘာ့နိုင်ငံအားလုံးနဲ့ ဆက်ဆံရေး ပိုမိုကောင်းမွန်လာမယ်လို့ မြင်ပါတယ်။

Washington Post ။ သမ္မတကြီးအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခဲ့တယ်။ သမ္မတကြီးဦးဆောင်ပြီး ပြုပြင်ပြောင်းလဲမှုတွေကို Initiative ယူပြီး ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် ဒီပြုပြင်ပြောင်းလဲမှုတွေကို အနာဂတ်မှာ ဆက်လက်ပြီး ဖော်ဆောင်သွားမှာလားဆိုတာကို သိလိုပါတယ်။

နိုင်ငံတော်သမ္မတ ။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး နိုင်ငံတော်ရဲ့ စီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဖြစ်ပါတယ်။ အဲဒီတော့ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင်၊ နိုင်ငံတော်ရဲ့စီးပွားရေး ဒီ့ထက်ဒီပိုမို ဖွံ့ဖြိုးတိုးတက်အောင် ရည်မှန်းချက်တွေ ပြည့်ဝသည်အထိ ဆက်ပြီးလုပ်သွားရမှာ ဖြစ်ပါတယ်။

Washington Post ။ တိတိကျကျပြောဆိုရမယ်ဆိုရင် သမ္မတကြီးအနေနဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ဆက်ဆံရေး ပုံမှန်အခြေအနေကို ပြန်ရောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားများကိုလည်း လွှတ်ပေးခဲ့ပါတယ်။ အချို့လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးရယူဖို့ ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။ ဒါကြောင့် ရှေ့ဆက်ပြီး ဆောင်ရွက်ရမယ့် ကိစ္စများမှာ ဘာတွေလိုအပ်မယ်လို့ မြင်ပါသလဲ။ ရှေ့ကို ဘာတွေဆက်လုပ်သွားဖို့ရှိပါသလဲ။

နိုင်ငံတော်သမ္မတ ။ ကျွန်တော်တို့ ပြည်တွင်းနိုင်ငံရေး တည်ငြိမ်မှုအတွက် အလေးထားပြီး ရှေ့ဆက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲဝင်နိုင်ဖို့အတွက် လွှတ်တော်ကလည်း သက်ဆိုင်ရာဥပဒေတွေကို ပြုပြင်ပေးခဲ့တာရှိပါတယ်။ သူမကိုယ်တိုင်လည်း NLD ကို ပါတီအဖြစ်နဲ့ မှတ်ပုံတင်ပြီးတော့ မကြာခင်မှာကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အဲဒီမှာ ပြည်သူလူထုရဲ့ ရွေးချယ်တင်မြှောက်မှုခံရရင် လွှတ်တော်ထဲကို ရောက်လာမှာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲ ရောက်လာရင်လည်း လွှတ်တော်ကနွေးထွေးစွာ ကြိုဆိုမှာဖြစ်ပါတယ်။ နောက်တစ်ခုက Ethnic Groups လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပတ်သက်ပြီး ပထမ သူတို့နဲ့ယုံကြည်မှုအရင်တည်ဆောက်ရပါမယ်။ နှစ်ဖက်သဘောတူနိုင်တဲ့ အချက်တွေအပေါ်မှာ သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆက်ပြီးဆောင်ရွက်ရမယ့်လုပ်ငန်းတွေ အများကြီးရှိပါတယ်။ လက်နက်တွေစွန့်ပြီး သူတို့ဝင်လာသည်ဖြစ်စေ၊ လက်နက်တွေနဲ့ ဝင်လာသည်ဖြစ်စေ သူတို့ရဲ့ စားဝတ်နေရေး အဆင်ပြေဖို့၊ နေရေးထိုင်ရေးအဆင်ပြေဖို့၊ သူတို့ရဲ့ပညာရေး ကျန်းမာရေးတွေ အဆင်ပြေဖို့ အဓိကလိုအပ်ပါတယ်။ ဒီလိုအပ်ချက်တွေ ရှေ့ဆက်ပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။

Washington Post ။ ကျွန်မ သတင်းမှာဖတ်ရှုခဲ့ရပါတယ်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဟာ ဘယ်အဖွဲ့နဲ့ယူခဲ့တာပါလဲ။ ကရင်အဖွဲ့နဲ့ပါလား။

နိုင်ငံတော်သမ္မတ ။ လက်နက်ကိုင်ထားတဲ့ Ethnic Groups က အားလုံး (၁၁)ဖွဲ့ရှိပါတယ်။ ဒီအဖွဲ့တွေနဲ့ ပထမအဆင့် ပြည်နယ်အဆင့် နားလည်မှုသဘောတူညီချက်တွေ ညှိနှိုင်းပါတယ်။ ပြီးလို့ရှိရင် အစိုးရရဲ့ကိုယ်စားအဖွဲ့တွေ ခွဲပေးပြီး ဒီအဖွဲ့တွေနဲ့ ထိတွေ့ဆွေးနွေးမှုတွေလုပ်ပါတယ်။ အဖွဲ့အားလုံးနဲ့ ကျွန်တော်တို့ ထိတွေ့ဆက်ဆံမှုတွေရှိနေပါတယ်။ အဲဒီလို ထိတွေ့ဆက်ဆံမှုရှိနေတဲ့ အဖွဲ့တွေထဲကမှ တချို့အဖွဲ့တွေနဲ့ သဘောတူညီချက် လက်မှတ်ရေးထိုးကြပြီးဖြစ်ပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မပြီးဆုံးသေးပါဘူး။ ရှေ့ကိုဆက်ပြီး သဘောတူညီချက်တွေညှိဖို့ ရှိနေသေးပါတယ်။

Washington Post ။ သူတို့ငြိမ်းချမ်းရေးယူတဲ့အခါ အစိုးရနဲ့ သဘောတူညီချက်ရပြီးတော့မှ ဝင်လာတာလား။

နိုင်ငံတော်သမ္မတ ။ ကျွန်တော်တို့ နှစ်ဖက်ညှိနှိုင်းပြီး သဘောတူညီချက်ရယူပြီး ငြိမ်းချမ်းရေး တည်ဆောက်မှာဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် လက်နက်ကိုင်အဖွဲ့အားလုံးဟာ ဥပဒေရဲ့အောက်ကို အားလုံးဝင်ရောက်လာကြပြီး ဥပဒေတစ်ခုတည်းရဲ့အောက်မှာ အားလုံးတန်းတူညီမျှ နေထိုင်လုပ်ကိုင်စားသောက်ကြဖို့ဖြစ်ပါတယ်။ ဒီအဆင့်ကို ရောက်ဖို့အတွက် ကျွန်တော်တို့ အချိန်ယူပြီးတော့ ညှိသွားရပါဦးမယ်။

Washington Post ။ ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲမှာ အောင်နိုင်ပြီး လွှတ်တော်အတွင်းရောက်လာခဲ့မယ်ဆိုရင် သမ္မတကြီးအနေနဲ့ Cabinet ရာထူး တစ်နေရာရာကိုပေးဖို့များ အစီအစဉ်ရှိပါသလား။

နိုင်ငံတော်သမ္မတ ။ တစ်အချက်ကတော့ ရွေးကောက်ပွဲမှာ ပြည်သူလူထုရဲ့အရွေးခံရခြင်း၊ အရွေးမခံရခြင်းအပေါ်မှာမူတည်ပါတယ်။ ပြည်သူလူထုက အရွေးခံရပြီ ဆိုလို့ရှိရင် လွှတ်တော်ထဲကို ဒေါ်အောင်ဆန်းစုကြည် ရောက်လာမှာဖြစ်ပါတယ်။ ဒုတိယအဆင့် Cabinet Member အဖြစ်နဲ့ အမည်စာရင်းတင်သွင်းဖို့က လွှတ်တော်ရဲ့ သဘောတူညီချက်ရယူပြီး လုပ်ရတာဖြစ်ပါတယ်။ လွှတ်တော်ရဲ့သဘောတူညီချက်ရှိမှ ဒီလိုခန့်အပ်လို့ရမှာဖြစ်ပါတယ်။ အခုလက်ရှိ Cabinet ဝန်ကြီးအားလုံးဟာလည်း လွှတ်တော်ရဲ့ သဘောတူညီချက်နဲ့ ခန့်ထားတာဖြစ်ပါတယ်။

Washington Post ။ ဒေါ်အောင်ဆန်းစုကြည်ကို Cabinet ဝန်ကြီးတစ်ဦးအဖြစ် တွေ့မြင်လိုပါသလား။

နိုင်ငံတော်သမ္မတ ။ ကျွန်တော်တို့ကတော့ ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် လွှတ်တော်က သဘောတူညီပြီး ခန့်အပ်ပေးလိုက်တယ်ဆိုရင် Cabinet ဝန်ကြီးအဖြစ် လက်ခံသွားမှာဖြစ်ပါတယ်။

Washington Post ။ မြန်မာ-US နှစ်နိုင်ငံဆက်ဆံရေးနဲ့ပတ်သက်ပြီး သမ္မတကြီးအနေနဲ့ ဘယ်လို မြင်ပါသလဲ၊ ဘယ်လိုမျှော်လင့်ပါသလဲ။

နိုင်ငံတော်သမ္မတ ။ မြန်မာနိုင်ငံနဲ့အမေရိကန်နိုင်ငံဟာ အခုထိတွေ့ဆက်ဆံမှုတွေ တော်တော်များများ ရှိနေပါပြီ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးလည်း ကျွန်တော်တို့ဆီကိုလာပြီးဖြစ်ပါတယ်။ ဒီနေ့ပဲ အမေရိကန် ဆီးနိတ်က အထက်လွှတ်တော်အမတ် မက်ကောနယ်နဲ့လည်း ကျွန်တော် မနက်က လက်ခံတွေ့ဆုံပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်က တစ်အချက် ဘာပဲဖြစ်ဖြစ် အမေရိကန်နိုင်ငံနဲ့သာမက နိုင်ငံအားလုံးနဲ့ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးရှိချင်ပါတယ်။ ဒုတိယအချက်က အမေရိကန်နိုင်ငံနဲ့ သံအမတ်ကြီးအဆင့် အဆက်အသွယ်မရှိသေးပါဘူး။ အဲဒီတော့ သံအမတ်ကြီးအဆင့် တိုးမြှင့်ပြီးဆက်သွယ်ဖို့ ကျွန်တော်တို့ ဆန္ဒရှိပါတယ်။ တတိယအချက်ကတော့ အမေရိကန်အပါအဝင်၊ EU အပါအဝင် ကျွန်တော်တို့နိုင်ငံအပေါ် စီးပွားရေးအရ တားဆီးပိတ်ဆို့မှုတွေ လုပ်ထားတာ အနှစ် (၂၀)ကျော်ခဲ့ပါပြီ။ အဲဒီတော့ ဒီစီးပွားရေးအရ တားဆီးပိတ်ဆို့မှုတွေကို ဖြေလျှော့ပေးစေလိုတဲ့ ဆန္ဒရှိပါတယ်။ ဒီဟာက နိုင်ငံတော်သမ္မတတစ်ယောက်တည်းရဲ့ဆန္ဒ မဟုတ်ပါဘူး။ နိုင်ငံသူနိုင်ငံသားအများစုရဲ့ဆန္ဒ ဖြစ်ပါတယ်။

Washington Post ။ ပြီးခဲ့တဲ့လများအတွင်း သမ္မတကြီးအနေနဲ့ ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ အများကြီး လျှောက်လှမ်းခဲ့ရပြီး ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ရက်အနည်းငယ်က အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စကလင်တန်က ထုတ်ပြန်ကြေညာခဲ့တာရှိပါတယ်။ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးကို ပုံမှန်အခြေအနေ ရောက်အောင်လုပ်မယ်၊ ဒါ့အပြင် နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့် ပြန်လည်ခန့်အပ်သွားမယ်ဆိုတာကို ထုတ်ပြန်ကြေညာခဲ့တယ်လို့ ကြားသိခဲ့ရပါတယ်။ ဒီသတင်းကို သမ္မတကြီး မကြားမိပါဘူးလား။

နိုင်ငံတော်သမ္မတ ။ ကြားမိပါတယ်၊ သို့သော်လည်း ဒီယနေ့အထိတော့ ခန့်အပ်ပေးတာ မရှိသေးပါဘူး။

Washington Post ။ ဟုတ်ပါတယ်။ ဝါရှင်တန်မှာ တချို့ကိစ္စရပ်များဟာ နည်းနည်းနှောင့်နှေးမှုများ ရှိတတ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး လွှတ်တော်အမတ် မစ္စတာမက်ကောနယ်ထံကနေ ကြားသိပြီးဖြစ်မယ်လို့ မျှော်လင့်ပါတယ်။

နိုင်ငံတော်သမ္မတ ။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အနောက်နိုင်ငံတွေရဲ့ လိုလားချက်(၃)ချက်ရှိပါတယ်။ တစ်အချက်က နိုင်ငံရေးအကျဉ်းသားဆိုပြီး သူတို့ပြောဆို သုံးစွဲနေတဲ့ အကျဉ်းသားတွေ လွှတ်ပေးဖို့ကိစ္စ။ နှစ်အချက်က ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေးမယ့်ကိစ္စ။ သုံးအချက်က ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ရဲ့အဖွဲ့တွေ နိုင်ငံရေးလုပ်ငန်းစဉ်မှာ ပါဝင်ဖို့ဆိုတဲ့ကိစ္စ။ ဒီကိစ္စ(၃)ခုဟာ အနောက်နိုင်ငံတွေက လိုလားတောင်းဆိုနေတဲ့ ကိစ္စတွေဖြစ်ပါတယ်။ ယခု ဒီကိစ္စ (၃)ခုစလုံးကို ကျွန်တော်ဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံအပိုင်းကတော့ တာဝန်ကျေသွားပါပြီ။ အဲဒီတော့ အနောက်နိုင်ငံ အမေရိကန်နဲ့ EU တို့ တာဝန်ကျေဖို့အပိုင်းပဲကျန်ပါတယ်။ ဒါ့အပြင် ဒီကိစ္စ(၃)ရပ်ကလည်း ဘယ်သူဘယ်ဝါရဲ့ တိုက်တွန်းချက်ကြောင့်၊ အကျပ်ကိုင်ခိုင်းစေမှုကြောင့်မျှ မဟုတ်ဘဲ နိုင်ငံရဲ့ လက်ရှိအခြေအနေအရ လုပ်သင့်လုပ်ထိုက်တဲ့ အခြေအနေများကြောင့် ကျွန်တော်တို့ ဒီ(၃)ခုလုံးကို ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။

Washington Post ။ ဖိအားပေးမှုကြောင့် လုပ်တာလား။

နိုင်ငံတော်သမ္မတ ။ ဖိအားပေးမှုကြောင့်မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ ပြောင်းလဲလာတဲ့စနစ်အရကို ဒါတွေဟာ လုပ်ကိုလုပ်ပေးရမယ့် ကိစ္စတွေဖြစ်ပါတယ်။

Washington Post ။ ဒီလိုမျိုးဆောင်ရွက်လာရတာဟာ ပိတ်ဆို့မှုကြောင့် လုပ်လာရတာလား၊ အမေရိကန်က ထင်နေတာက Sanction ဟာ မြန်မာနိုင်ငံအပေါ်မှာ ထိရောက်မှုရှိနေတယ်လို့ ထင်နေပါတယ်။

နိုင်ငံတော်သမ္မတ ။ Sanction ဟာ မြန်မာနိုင်ငံအပေါ် ထိရောက်မှုရှိ/မရှိ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် ဒီ Sanction ကြောင့် ပြီးခဲ့တဲ့ တပ်မတော်အစိုးရ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန် အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell အား ၁၇-၁-၂၀၁၂ ရက်နေ့တွင် လက်ခံတွေ့ဆုံစဉ်။

ပြုတ်သွားတာမဟုတ်ပါဘူး။ တပ်မတော်အစိုးရက အခုလို ဒီမိုကရေစီစနစ် ကျင့်သုံးတဲ့ အစိုးရဖြစ်အောင် ပြုပြင်ပြောင်းလဲပြီး တာဝန်လွှဲပြောင်းပေးခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အစိုးရအပေါ် သက်ရောက်မှုတော့မရှိဘူး။ ဒါပေမယ့် ပြည်သူလူထုကတော့ ဒုက္ခရောက်ပါတယ်။ ပြည်သူကတော့ အထိနာတယ်။ ပြည်သူတွေ ဆင်းရဲနွမ်းပါးမှု ဖြစ်စေပါတယ်။

Washington Post ။ ပြောရမယ်ဆိုရင် သမ္မတကြီးက ခုနက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချမှတ်ခဲ့တဲ့ နိုင်ငံရေးလမ်းစဉ် (၇)ရပ်နဲ့ ပတ်သက်ပြီး ပြောနေတာပါလား။

နိုင်ငံတော်သမ္မတ ။ မှန်ပါတယ်။ ပြီးခဲ့တဲ့အစိုးရဟာ ပြုတ်သွားတာမဟုတ်ပါဘူး။ ဒီ Sanction ကြောင့် ပြုတ်သွားတာမဟုတ်ပါဘူး။ ဒီမိုကရေစီအသွင် ပြုပြင်ပြောင်းလဲပေးဖို့အတွက် မူလကတည်းက ရည်ရွယ်ချက်ရှိပါတယ်။ ရည်ရွယ်ချက်ရှိတဲ့အတိုင်း ဒီလမ်းစဉ် (၇)ရပ်ကို ချမှတ်ပြီးတော့ တစ်ဆင့်စီ တစ်ဆင့်စီ အကောင်အထည်ဖော်ပြီး နောက်ဆုံးမှာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ အစိုးရတစ်ရပ်ကို ပြောင်းလဲဖော်ဆောင်ပေးခဲ့တာဖြစ်ပါတယ်။

Washington Post ။ ဒီလမ်းစဉ် (၇)ရပ်ဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် ပေါ်ထွန်းလာအောင် လမ်းခင်းပေးခဲ့တာ ဖြစ်ပါသလား။

နိုင်ငံတော်သမ္မတ ။ မှန်ပါတယ်။

Washington Post ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြင်ပလူတွေက သိပ်ပြီး မသိကြပါဘူး။ ကျွန်မ ဆီးနိတ်တာမက်ကောနယ်နဲ့ ညစာစားတော့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေဟာ လွန်ခဲ့တဲ့ အချိန်အတော်များစွာအတွင်းကပင် စီစဉ်ခဲ့တဲ့ ကိစ္စဖြစ်တဲ့အကြောင်း နားလည်ခဲ့ရပါတယ်။

နိုင်ငံတော်သမ္မတ ။ ဒီမိုကရေစီစနစ်ကို ပြောင်းတဲ့အခါမှာ ချက်ချင်းအချိန်တိုအတွင်း ဖြစ်သလို ပြောင်းလဲလိုက်တဲ့အတွက်ကြောင့် ဒီကနေ့ ကမ္ဘာမှာ ဒုက္ခရောက်နေတဲ့ နိုင်ငံတွေရှိပါတယ်။ ပြောရရင် ခင်ဗျားလည်းသိပါတယ်။ အဲဒီနိုင်ငံတွေဟာ ဒီမိုကရေစီစနစ်ကို အချိန်တိုအတွင်း အတင်းပြောင်းလိုက်တဲ့အတွက်ကြောင့် တိုင်းပြည်ပျက်မလောက် ဖြစ်သွားတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က (7) Step ကို ချပြီးတော့ တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း အချိန်ယူပြီး ပြောင်းလာရတာ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အခုဆိုရင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ အစိုးရဖြစ်လာပြီ မဟုတ်ပါလား။

Washington Post ။ လွှတ်တော်အတွင်း (၂၅)ရာခိုင်နှုန်းကို တပ်မတော်အတွက် လျာထားတယ်ဆိုတာ ဟုတ်ပါသလား။ ယခုပြုပြင်ပြောင်းလဲရေးကိစ္စတွေမှာ တပ်မတော်ဘက်ကလည်း ပါဝင်နေတာမျိုး ဖြစ်နေပါတယ်။ အကြောင်းကတော့ ဒီမိုကရေစီဆိုတာ ပြည်သူက အုပ်ချုပ်တာဖြစ်ပြီး တပ်မတော်အပေါ် အာဏာသက်ရောက်တဲ့ အစိုးရဖြစ်တယ်လို့ ယုံကြည်ပါတယ်။

နိုင်ငံတော်သမ္မတ ။ တပ်မတော်ဟာ အုပ်ချုပ်ရေးအပိုင်းမှာ ဘာမှဝင်စွက်ဖက်တာ မရှိပါဘူး။ လွှတ်တော်ထဲမှာတော့ ခင်ဗျားမြင်တွေ့တဲ့အတိုင်း တပ်မတော်အင်အားက လေးပုံတစ်ပုံပါပါတယ်။ ကျွန်တော်တို့လို နိုင်ငံမျိုးဟာ တပ်မတော်ကို ပစ်ပယ်ထားလို့မရပါဘူး။ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်တဲ့နေရာမှာ တပ်မတော်ကလည်း အစိတ်အပိုင်းတစ်ခုကနေဝင်ပြီးတော့ ကူညီပေးတာပဲဖြစ်ပါတယ်။ တပ်မတော်က ဝင်အုပ်ချုပ်တာ မဟုတ်ပါဘူး။

Washington Post ။ တပ်မတော်က ပါဝင်ရမယ်ဆိုတာကို ကျွန်မတို့ နားလည်ပါတယ်။ သို့သော် ပြည်သူ့ရဲ့အာဏာက လွှမ်းမိုးရမယ်ဆိုတာ ပြောကြားလိုပါတယ်။ ပြည်သူတွေရဲ့အာဏာဟာ ဘယ်အရာပေါ်မှာမဆို လွှမ်းမိုးနိုင်မှုရှိရပါမယ်။ ကျွန်မတို့ အမေရိကန်နိုင်ငံမှာလည်း သမ္မတကြီးရဲ့ အာဏာဟာ တပ်မတော်အကြီးအကဲထက် ပိုပါတယ်။

နိုင်ငံတော်သမ္မတ ။ မှန်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ဒီအတိုင်းပါပဲ။ မြန်မာနိုင်ငံရဲ့ Constitution ကို ခင်ဗျားနည်းနည်းပြန်ပြီး လေ့လာပေးပါ။ Constitution အရ တပ်မတော်မှာ အကြီးအကဲဖြစ်တဲ့ ကာကွယ်ရေးဦးစီးချုပ်ကို သမ္မတကနေ ခန့်အပ်တာဖြစ်ပါတယ်။

Washington Post ။ နောက်တစ်ခုက DPRK နဲ့ ဆက်ဆံရေး... တယ်။ ဟိုတစ်လောက ရီပတ်ဘလီကင်ပါ... ဆီးနိတ်တာ ဘလျူကာက DPRK နိုင်... အထောက်အပံ့နဲ့ မြန်မာနိုင်ငံမှာ နျူကလီးယား အစီအစဉ်တစ်... ဆောင်ရွက်နေတယ်လို့ စွပ်စွဲပြောဆိုခဲ့ပါတယ်။ ဒါကြောင့် သမ္မတ... အနေနဲ့ မြန်မာနိုင်ငံနဲ့ DPRK တို့ တပ်မတော်ပိုင်းဆိုင်ရာ ပူး... ဆောင်ရွက်မှုကို ဖျက်သိမ်းဖို့များ ရှိလာနိုင်မလားဆိုတာ သိလိုပါ...

နိုင်ငံတော်သမ္မတ ။ မြောက်ကိုရီးယားနိုင်ငံနဲ့ ကျွန်တော်တို့ သံ... ဆက်ဆံရေးရှိပါတယ်။ ဒီနိုင်ငံနဲ့ သာမန်သံ... ဆက်ဆံရေးမှအပ အခြားနျူကလီးယားကိစ္စ... အများကြီးသေစေနိုင်တဲ့ လက်နက်ခဲယမ်းကိစ္စတွေနဲ့ပတ်သက်ပြီး ဆ... တာမရှိပါဘူး။ ဒါတွေက ကျွန်တော်တို့အပေါ်မှာ ယုံမှားသံသယဖြစ်... ကိစ္စတွေပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အပြည်ပြည်ဆိုင်ရာနယ်... မှာ နျူကလီးယားလက်နက်မပြန့်ပွားရေးနဲ့ပတ်သက်ပြီး မြန်မာနိုင်... မပြန့်ပွားရေးဘက်က အမြဲတမ်းရပ်တည် ဆောင်ရွက်နေတဲ့နိုင်ငံဖြ... တယ်။ နောက်တစ်ခုက UN ကနေ ချမှတ်ထားတဲ့ Resolutio... ပတ်သက်ပြီး တိကျစွာ လိုက်နာဆောင်ရွက်နေတဲ့ နိုင်ငံလည်းဖြစ်ပါ... အမှန်ကတော့ ဒီနျူကလီးယားကိစ္စ၊ လက်နက်ခဲယမ်းကိစ္စတွေနဲ့ပတ်... ပြီး မြောက်ကိုရီးယားနဲ့ အဆက်အဆံမရှိပါဘူး။ မြောက်ကိုရီးယားနိုင်... လည်း မြန်မာနိုင်ငံကို အကူအညီပေးနိုင်တဲ့ နိုင်ငံမျိုး မဟုတ်ပါ... မြန်မာနိုင်ငံကလည်း နျူကလီးယားလက်နက်တို့ ဘာတို့ ထုတ်လုပ်နို... အထိ ငွေကြေးပြည့်စုံတဲ့နိုင်ငံမျိုးမဟုတ်ပါဘူး။ ဒါအခြေအမြစ်မရှိတဲ့... ချက်ပဲဖြစ်ပါတယ်။

Washington Post ။ ဒါဆိုရင် သမ္မတကြီးအနေနဲ့ မြန်မာနိုင်... IAEA စုံစမ်းစစ်ဆေးရေးအဖွဲ့ လာရော... ခွင့်ပြုသွားမှာပါလား။

နိုင်ငံတော်သမ္မတ ။ ပထမအဆင့် ကျွန်တော်တို့ ဒီ IAEA... Additional Protocol ကို လက်မှတ်ရေ... ဖို့ရှိပါတယ်။ ဒီကိစ္စကလည်း ကျွန်တော်တို့... စဉ်းစားနေတဲ့ ကိစ္စပါပဲ။ ဒီဟာက ကျွန်တော်တို့ လွှတ်တော်တို့ ဘာ... တင်ရမယ်။ လွှတ်တော်ကို တင်ပြီးတော့ ဒီ IAEA ရဲ့ Additio... Protocol ကို လက်မှတ်ထိုးပြီးမှသာလျှင် ရှေ့ဆက်ပြီးဆောင်ရွက်ရ... ကိစ္စတွေ ဖြစ်ပါတယ်။ အဲဒီ Protocol ကို ကျွန်တော်တို့ လက်မှတ်... အဆင့်ကို မရောက်သေးပါဘူး။

Washington Post ။ သမ္မတကြီးအနေနဲ့ အမေရိကန်စာဖတ်သူ... ကို သိရှိစေလိုတဲ့ အချက်များရှိရင် ပြော... ပေးပါ။

နိုင်ငံတော်သမ္မတ ။ သိရှိစေချင်တဲ့အချက်တွေကတော့ အခုကျွန်... တို့ လက်ရှိအစိုးရသစ်ဟာ ဒီမိုကရေစီစန... ကျင့်သုံးဖို့အတွက် ပြည်သူလူထုကနေပြီး... ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရဖြစ်ပါတယ်။ ဒီမိုကရေစီ... ကြောင်းပေါ်ကိုလည်း ကျွန်တော်တို့ ရောက်နေပြီဖြစ်ပါတယ်။ ဒီမိုက... လမ်းကြောင်းပေါ်ရောက်နေပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ရှေ့... ဆက်ပြီးသွားမှာဖြစ်ပါတယ်။ နောက်ကို ပြန်လှည့်စရာအကြောင်းမ... ဘူး။ သို့သော် မြန်မာနိုင်ငံအစိုးရအသစ်က သက်တမ်းအားဖြင့် (... လောက်ပဲ ရှိပါသေးတယ်။ ဒီမိုကရေစီအတွေ့အကြုံ အင်မတန်မှ န... ပါသေးတယ်။ ဒီမိုကရေစီအလေ့အထ အင်မတန်မှ အားနည်းပါ... တယ်။ ဒီတော့ နှစ်ပေါင်းရာနဲ့ချီပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးလ... အမေရိကန်နဲ့တော့ တန်းတူရည်တူ နှိုင်းယှဉ်လို့မရသေးပါဘူး။... ကရေစီရှင်သန်ဖွံ့ဖြိုးဖို့အတွက် အချက် (၂)ချက်လိုပါတယ်။ တစ်... ကတော့ တိုင်းပြည် တည်ငြိမ်အေးချမ်းဖို့ဖြစ်ပါတယ်။ ဒီကိစ္စက... ဒေါ်အောင်ဆန်းစုကြည်နဲ့ ထိတွေ့တာအပါအဝင် ကျွန်တော်တို့ ဆောင်... နေပါတယ်။ Ethnic Groups တွေနဲ့ ငြိမ်းချမ်းရေးရဖို့အ... ဆောင်ရွက်နေပါတယ်။ ဒုတိယအချက်ကတော့ ဒီမိုကရေစီရှင်သန်... ဖို့အတွက် တိုင်းပြည်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူတွေ... အလုပ်အကိုင်အခွင့်အလမ်းတွေရမယ်၊ ကောင်းကောင်းမွန်မွန် ဝတ်... စားနိုင်မယ်၊ နေနိုင်မယ်ဆိုတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လိုအပ်ပါ...

...ခမတ် Mr. Addison Mitchell Mc Connell အား

...တာကနေ ခန့်အပ်တာဖြစ်ပါတယ်။

...shington Post။ နောက်တစ်ခုက DPRK နဲ့ ဆက်ဆံရေးဖြစ်ပါတယ်။ ဟိုတစ်လောက ရီပတ်ဘလီကင်ပါတီရဲ့ ဆီးနိတ်တာ ဘလျူကာက DPRK နိုင်ငံရဲ့ ...ဘက်အပ့်နဲ့ မြန်မာနိုင်ငံမှာ နျူကလီးယား အစီအစဉ်တစ်ရပ်ကို ...င်ရွက်နေတယ်လို့ စွပ်စွဲပြောဆိုခဲ့ပါတယ်။ ဒါကြောင့် သမ္မတကြီး ...နနဲ့ မြန်မာနိုင်ငံနဲ့ DPRK တို့ တပ်မတော်ပိုင်းဆိုင်ရာ ပူးပေါင်း ...င်ရွက်မှုကို ဖျက်သိမ်းဖို့များ ရှိလာနိုင်မလားဆိုတာ သိလိုပါတယ်။

...တော်သမ္မတ ။ **မြောက်ကိုရီးယားနိုင်ငံနဲ့ ကျွန်တော်တို့ သံတမန်ဆက်ဆံရေးရှိပါတယ်။ ဒီနိုင်ငံနဲ့ သာမန်သံတမန်ဆက်ဆံရေးမှအပ အခြားနျူကလီးယားကိစ္စ၊ လူ...းကြီးသေစေနိုင်တဲ့ လက်နက်ခဲယမ်းကိစ္စတွေနဲ့ပတ်သက်ပြီး ဆက်ဆံ...ရှိပါဘူး။ ဒါတွေက ကျွန်တော်တို့အပေါ်မှာ ယုံမှားသံသယဖြစ်နေတဲ့ ...တွေပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အပြည်ပြည်ဆိုင်ရာနယ်ပယ် ...နျူကလီးယားလက်နက်မပြန့်ပွားရေးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံဟာ ...ပွားရေးဘက်က အမြဲတမ်းရပ်တည် ဆောင်ရွက်နေတဲ့နိုင်ငံဖြစ်ပါ...။ နောက်တစ်ခုက UN ကနေ ချမှတ်ထားတဲ့ Resolution နဲ့ ...သက်ပြီး တိကျစွာ လိုက်နာဆောင်ရွက်နေတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ ...ကတော့ ဒီနျူကလီးယားကိစ္စ၊ လက်နက်ခဲယမ်းကိစ္စတွေနဲ့ပတ်သက် ...မြောက်ကိုရီးယားနဲ့ အဆက်အဆံမရှိပါဘူး။ မြောက်ကိုရီးယားနိုင်ငံက ...း မြန်မာနိုင်ငံကို အကူအညီပေးနိုင်တဲ့ နိုင်ငံမျိုး မဟုတ်ပါဘူး။ ...နိုင်ငံကလည်း နျူကလီးယားလက်နက်တို့ ဘာတို့ ထုတ်လုပ်နိုင်တဲ့ ...ငွေကြေးပြည့်စုံတဲ့နိုင်ငံမျိုးမဟုတ်ပါဘူး။ ဒါအခြေအမြစ်မရှိတဲ့ စွပ်စွဲ...ပဲဖြစ်ပါတယ်။**

...shington Post။ ဒါဆိုရင် သမ္မတကြီးအနေနဲ့ မြန်မာနိုင်ငံကို IAEA စုံစမ်းစစ်ဆေးရေးအဖွဲ့ လာရောက်ဖို့ ခွင့်ပြုသွားမှာပါလား။

...တော်သမ္မတ ။ **ပထမအဆင့် ကျွန်တော်တို့ ဒီ IAEA ရဲ့ Additional Protocol ကို လက်မှတ်ရေးထိုးဖို့ရှိပါတယ်။ ဒီကိစ္စကလည်း ကျွန်တော်တို့အခု...ားနေတဲ့ ကိစ္စပါပဲ။ ဒီဟာက ကျွန်တော်တို့ လွှတ်တော်တို့ ဘာတို့ကို ...ရမယ်။ လွှတ်တော်ကို တင်ပြီးတော့ ဒီ IAEA ရဲ့ Additional ...tocol ကို လက်မှတ်ထိုးပြီးမှသာလျှင် ရှေ့ဆက်ပြီးဆောင်ရွက်ရမယ့် ...တွေ ဖြစ်ပါတယ်။ အဲဒီ Protocol ကို ကျွန်တော်တို့ လက်မှတ်ထိုးတဲ့ ...င့်ကို မရောက်သေးပါဘူး။**

...shington Post။ သမ္မတကြီးအနေနဲ့ အမေရိကန်စာဖတ်သူများကို သိရှိစေလိုတဲ့ အချက်များရှိရင် ပြောကြားပေးပါ။

...တော်သမ္မတ ။ **သိရှိစေချင်တဲ့အချက်တွေကတော့ အခုကျွန်တော်တို့ လက်ရှိအစိုးရသစ်ဟာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးဖို့အတွက် ပြည်သူလူထုကနေပြီးတော့ ...ျယ်တင်မြှောက်ထားတဲ့ အစိုးရဖြစ်ပါတယ်။ ဒီမိုကရေစီ လမ်း...င်းပေါ်ကိုလည်း ကျွန်တော်တို့ ရောက်နေပြီဖြစ်ပါတယ်။ ဒီမိုကရေစီ ...ကြောင်းပေါ်ရောက်နေပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ရှေ့ကိုပဲ ...ပြီးသွားမှာဖြစ်ပါတယ်။ နောက်ကို ပြန်လှည့်စရာအကြောင်းမရှိပါ... သို့သော် မြန်မာနိုင်ငံအစိုးရအသစ်က သက်တမ်းအားဖြင့် (၉)လ ...က်ပဲ ရှိပါသေးတယ်။ ဒီမိုကရေစီအတွေ့အကြုံ အင်မတန်မှ နုနယ် ...သေးတယ်။ ဒီမိုကရေစီအလေ့အထ အင်မတန်မှ အားနည်းပါသေး...။ ဒီတော့ နှစ်ပေါင်းရာနဲ့ချီပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးလာတဲ့ ...ရိကန်နဲ့တော့ တန်းတူရည်တူ နှိုင်းယှဉ်လို့မရသေးပါဘူး။ ဒီမို...ရေစီရှင်သန်ဖွံ့ဖြိုးဖို့အတွက် အချက် (၂)ချက်လိုပါတယ်။ တစ်ချက် ...ာ့ တိုင်းပြည် တည်ငြိမ်အေးချမ်းဖို့ဖြစ်ပါတယ်။ ဒီကိစ္စကလည်း ...အောင်ဆန်းစုကြည်နဲ့ ထိတွေ့တာအပါအဝင် ကျွန်တော်တို့ ဆောင်ရွက်...ပါတယ်။ Ethnic Groups တွေနဲ့ ငြိမ်းချမ်းရေးရဖို့အတွက် ...င်ရွက်နေပါတယ်။ ဒုတိယအချက်ကတော့ ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုး ...တွက် တိုင်းပြည်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူတွေဟာ ...ပ်အကိုင်အခွင့်အလမ်းတွေရမယ်၊ ကောင်းကောင်းမွန်မွန် ဝတ်နိုင်၊ ...င်မယ်၊ နေနိုင်မယ်ဆိုတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လိုအပ်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့လုပ်နေပါတယ်။ လက်ရှိအနေအထားအရ တိုင်းပြည်မှာ အလုပ်အကိုင်အခွင့်အလမ်းတွေ အင်မတန်နည်းပါးပါတယ်။ နည်းပါးတဲ့အတွက်ကြောင့် သူများတိုင်းပြည်တွေမှာ သွားပြီးအလုပ်လုပ်နေရတဲ့ ရွှေ့ပြောင်းအလုပ်သမား (၃)သန်းကျော်လောက် ရှိပါတယ်။ ပြည်တွင်းမှာလည်း ဆင်းရဲနွမ်းပါးမှုနှုန်းဟာ (၂၆)ရာခိုင်နှုန်းလောက် ရှိနေပါတယ်။ ဒါတွေဟာ ဘာကြောင့်လဲဆိုရင် မြန်မာနိုင်ငံကို နှစ်ပေါင်း (၂၀)ကျော်လောက် စီးပွားရေးအရ ပိတ်ပင်တားဆီးထားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒီတော့စီးပွားရေးအရ ပိတ်ပင်တားဆီးထားခြင်းဟာ မြန်မာနိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ဆုံးရှုံးပြီး တိုင်းပြည်ဆင်းရဲတာ၊ နောက်တစ်ခါ အလုပ်လက်မဲ့တွေ ပေါ်လာတာ ဒါပဲ ဖြစ်ပေါ်စေပါတယ်။ ပြည်သူလူထုကို ထိခိုက်နစ်နာစေပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံကို ဒီမိုကရေစီစနစ် ဆက်ပြီးကျင့်သုံးစေချင်တယ်၊ ဒီမိုကရေစီ ဆက်ပြီး ရှင်သန်ဖွံ့ဖြိုးစေချင်တယ်ဆိုလို့ရှိရင် စီးပွားရေးအရ ပိတ်ဆို့တားဆီးထားမှုတွေကို ဖြေလျှော့ပေးဖို့ ခင်ဗျားတို့ ဝိုင်းပြီးဆောင်ရွက်ပေးသင့်ပါတယ်။ ဝါရှင်တန်ပို့စ်လို အင်မတန်အရှိန်အဝါကြီးတဲ့ သတင်းစာကြီးကနေ ဝိုင်းပြီး ပြောကြားပေးသင့်ပါတယ်။**

Washington Post။ အမေရိကန် ဆီးနိတ်တာမစ်မက်ကောနယ်ကိုယ်တိုင်က Sanction မှာ Active ဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ ၎င်းပင်လျှင် သမ္မတကြီးဘက်ကို ပါနေပြီဆိုတာ သိရှိရပါတယ်။ သမ္မတကြီးကိုယ်တိုင် နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အရေးကြီးတယ်လို့ ပြောကြားခဲ့ပါတယ်။ ဒါကြောင့် သမ္မတကြီးအနေနဲ့ နိုင်ငံကို Privatize လုပ်ပစ်မှာလား။ ဒါမှမဟုတ် Foreign Investment တွေ မြန်မာနိုင်ငံကိုလာဖို့ ဖိတ်ခေါ်မှာလား ဆိုတာ သိလိုပါတယ်။

နိုင်ငံတော်သမ္မတ ။ **မှန်ပါတယ်။ Foreign Investment တွေကို ကျွန်တော်တို့ အမြဲတမ်း Welcome လုပ်ထားပါတယ်။ သူတို့တွေလာပြီးတော့ ရင်းနှီးမြှုပ်နှံနိုင်ဖို့ ရင်းနှီးမြှုပ်နှံမှုဥပဒေတွေကို အခက်အခဲမရှိအောင် ပြင်ဆင်ထားပါတယ်။ သို့သော်လည်း ဒီအဖွဲ့တွေလာပြီး ရင်းနှီးမြှုပ်နှံဖို့ဆိုတာ Sanction ကို ဖြေလျှော့ပေးမှ ဒီအဖွဲ့တွေက ယုံယုံကြည်ကြည်နဲ့လာပြီး ရင်းနှီးမြှုပ်နှံကြမှာဖြစ်ပါတယ်။**

Washington Post။ သို့သော် ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေးကိုလည်း မေးမြန်းလာပါလိမ့်မယ်။

နိုင်ငံတော်သမ္မတ ။ **တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ရှိနေပါတယ်။ နယ်စပ်က လက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း အခုဆိုရင် အပစ်အခတ်ရပ်စဲနေပြီ ဖြစ်ပါတယ်။ တကယ်တော့ လာရောက်ပြီး ရင်းနှီးမြှုပ်နှံဖို့အတွက် အဓိကအခက်အခဲက Sanction ပိတ်ထားတဲ့ အခက်အခဲကြောင့်ပဲဖြစ်ပါတယ်။ ကျန်တဲ့ အခက်အခဲမရှိပါဘူး။**

Washington Post။ သမ္မတကြီးအနေနဲ့ (၉)လအတွင်းမှာ ကိစ္စရပ်များစွာ ဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီး မြန်မာနိုင်ငံမှာ မီဒီယာလွတ်လပ်ခွင့်ရရှိစေဖို့ ဘယ်လိုဆောင်ရွက်သွားပါမလဲ။ အထူးသဖြင့် ၁၉၆၀ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ မီဒီယာဥပဒေ၊ နောက်ပြီး ပုဂ္ဂလိက နေ့စဉ်သတင်းစာများ ထုတ်ဝေမှုကို ခွင့်ပြုလာမှာလား သိလိုပါတယ်။ ကျွန်မရဲ့မိသားစုဟာ ဝါရှင်တန်ပို့စ်ကို ပိုင်ဆိုင်တာဖြစ်တဲ့အတွက် သိလိုပါတယ်။

နိုင်ငံတော်သမ္မတ ။ **မီဒီယာနဲ့ပတ်သက်ပြီးတော့ ခင်ဗျားလည်း အခုတွေ့မှာပါ။ အရင်အစိုးရတွေလက်ထက်နဲ့ မတူပါဘူး။ အခု ဂျာနယ်တွေမှာ ပွင့်ပွင့်လင်းလင်းနဲ့ ရေးနေကြတာပါပဲ။ သို့သော် ကျွန်တော်စောစောက ပြောခဲ့သလို ကျွန်တော်တို့က ဒီမိုကရေစီ အတွေ့အကြုံနည်းသေးတယ်။ ဒါကြောင့် မီဒီယာပိုင်းနဲ့ပတ်သက်ပြီး တစ်ဖက်ကလည်း လွတ်လွတ်လပ်လပ်လုပ်ဖို့၊ တစ်ဖက်ကလည်း လွတ်လပ်မှုနဲ့ တာဝန်ယူမှု၊ လွတ်လပ်မှုနဲ့ ဆင်ခြင်တုံတရားယှဉ်တွဲ ကျင့်သုံးပြီး စည်းကမ်းရှိဖို့နဲ့ တာဝန်ယူမှုရှိဖို့ ဆောင်ရွက်နေတယ်။ လွတ်လပ်မှုနဲ့အတူ တာဝန်ယူမှု၊ တာဝန်ခံမှုလည်း လိုအပ်ပါတယ်။**

Washington Post။ မီဒီယာလွတ်လပ်ခွင့်ကနေပြီးတော့ ဆင်ဆာကို ဖယ်ရှားပေးပါမည်လား။

နိုင်ငံတော်သမ္မတ ။ **လောလောဆယ်တော့ လွတ်လပ်မှုတွေ ပေးထားပါတယ်။ ဥပဒေထုတ်ပြန်ဖို့ရှိပါတယ်။**

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၁-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈း၁၀	၇။	သုတရောင်စုံပန်းခင်း
၈း၂၀	၈။	ကဗျာပန်းဥယျာဉ်
၈း၃၀	၉။	တေးဂီတအစီအစဉ်
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	**၂၀၁၁ ကမ္ဘာ့အားကစား ပုံရိပ်များ** (အပိုင်း-၄)
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	ချစ်စရာ့အရွယ် ကစားကြမယ်
၁၁း၅၀	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်း သတင်းစဉ်
၁၂း၅၀	၅။	နှုတ်မြိန်ဖွယ်ရာ ချစ်ဟင်းလျာ
၁၃း၀၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက် ဘတ်ရောင်ဂွန်း** (အပိုင်း-၄၂)
၁၄း၀၀	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၄း၁၀	၈။	လောကနီတိ
၁၄း၅၀	၉။	International News
၁၅း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၅	၃။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၃၅	၄။	အတီးပြိုင်ပွဲ
၄း၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၅း၁၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀	၇။	**အနုပညာမိုးကောင်းကင်မှ ယဉ်ကျေးမှုငွေကြယ်ပွင့်များ** (အပိုင်း-၃) (သရုပ်ဆောင်-ဖိုးသောကြာ)
၅း၃၅	၈။	တေးဂီတအစီအစဉ်
၅း၄၅	၉။	International Science News
၅း၅၅	၁၀။	လှပစုံလင် အာဆီယံတစ်ခွင်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	အလှရှာမယ် လှကမ္ဘာဝယ်
၆း၄၅	၁၄။	စိတ်အပန်းဖြေစရာ တို့ချောင်းသာ
၇း၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချိုကြင်နာပို** (အပိုင်း-၆)
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၈၄)
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်ပွင့်လေးရဲ့ဒဏ္ဍာရီ** (အပိုင်း-၇)
	၂၁။	**ဂီတတံခါးလေးဖွင့်ပါဦး**
	၂၂။	အစီအစဉ်ပြီး၏။

ရေကြောင်းဌာန ရေယာဉ်မှူး၊ ရေယာဉ်အုပ်၊ တက်မကိုင်များ မွမ်းမံသင်တန်း(၁/၂၀၁၂)ဆင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာန ရေယာဉ်မှူး၊ ရေယာဉ်အုပ်၊ တက်မကိုင်များမွမ်းမံသင်တန်း(၁/၂၀၁၂) ဆင်းပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ အလုံသင်္ဘောကျင်း ဧရာခန်းမ၌ ကျင်းပရာ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က သင်တန်းတွင် သင်ကြားခဲ့ရသည့် စာတွေ့ဘာသာရပ်များကို မမေ့မလျော့အောင် ကျက်မှတ်လေ့လာပြီး အမြဲတမ်း လေ့ကျင့်နေမှသာ လက်တွေ့ လုပ်ငန်းခွင်နယ်ပယ်၌ အမှားအယွင်းနည်းစွာဖြင့် အန္တရာယ်ကင်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ကျရာ ရေယာဉ်ကို ပြန်လည်ရောက်ရှိသည့်အခါ၌လည်း ကျန်ရေယာဉ်ဝန်ထမ်းများအား မိမိတို့သင်ယူတတ်မြောက်ခဲ့ကြသည့် အသိပညာ၊ အတတ်ပညာများကို ပြန့်ပွားအောင် ဆက်လက် ဖြန့်ဝေပို့ချပေးသွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်နှင့် ဒုတိယရေကြောင်း ဌာနမှူးချုပ် ဦးဝင်းသိန်းတို့က သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုပေးအပ်ချီးမြှင့်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် ရေကြောင်းဌာန ရေယာဉ်မှူး၊ ရေယာဉ်အုပ်၊ တက်မကိုင်များ မွမ်းမံသင်တန်း(၁/၂၀၁၂)တွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရွှေပြည်သာမြို့နယ် အမှတ်(၃၉)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၄ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအဆင့် ဘာသာစုံ ထူးချွန်ပထမဆုရရှိသော သူငယ်တန်းမှ မောင်ထက်ပိုင်စိုးအား ကျောင်းအုပ်ဆရာကြီး ဦးစောမြတ်လှိုင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(မြင့်သန်းကြည်-ရွှေပြည်သာ)

အမျိုးသားကုန်စည်ပြပွဲ၌ အိမ်ရာအဆောက်အအုံများပြသ

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသသည့် အမျိုးသားကုန်စည်ပြပွဲကို ဇန်နဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာ့ကွန်ဗင်းရှင်းစင်တာ၌ ခင်းကျင်းပြသလျက်ရှိသည်။

ပြပွဲတွင် အထပ်မြင့်၊ အထပ်နိမ့်လုံးချင်း အဆောက်အအုံများ၊ ကွန်ဒိုမီနီယံတိုက်ခန်းများကို ပြပွဲကာလအတွင်း ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းချလျက်ရှိသည်ကို Father Land ပြခန်းတွင် တွေ့မြင်ရပြီး ပရိသတ်များက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။ အဆိုပါပြပွဲတွင် မော်တော်ယာဉ်အရောင်းပြခန်းများကိုလည်း ပြသထားသည်။

အသုံးပြုနိုင်

ထို့ပြင် ကားတာယာပြကွက်၌ မျက်နှာပြင်ပန်းသား ကုန်အောင်မောင်းနှင်ပြီး စတီးလ်၊ နိုင်လွန်တာယာများကို စွန့်ပစ်မည့်အစား တာယာကြီးပေါ်လာသည်အထိ အသုံးမပြုဘဲ အသစ်နှင့်အလားတူ ပြန်လည်မောင်းနှင်နိုင်သည့် အစီအစဉ်များလည်း တွေ့ရသည်။ Supercool ပန်းသားများသည် ပုံမှန်တာယာများထက် အပူချိန်မြင့်တက်မှုတွင် ၄၀ ရာခိုင်နှုန်း လျော့နည်းသောကြောင့် ရာသီမရွေး အသုံးပြုနိုင်သည်။ ထို့ပြင် တာယာများကို လေးကြိမ်၊ ငါးကြိမ်အထိ ပန်းသားအသစ်တင်၍ မောင်းနှင်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ချစ်ကို... တစ်စီးလောက်

"ချစ်ကို . . . တစ်စီးလောက်" . . . ဆိုတဲ့ ပြောသံဆိုသံတွေကို ရန်ကုန်မြို့ထဲ လိုင်းကားစီးပြီး အလုပ်သွားအလုပ်ပြန် နိစ္စဓူဝ ဆောင်ရွက်နေရတဲ့ မိမိအဖို့ အဆိုပါ ခွင့်တောင်းသံမျိုး ကြားတိုင်း ရင်တမမ ခံစားခဲ့ရသည်။

မိမိစီးနင်းလာသည့် လိုင်းကားမှ ယာဉ်နောက်လိုက်(စပယ်ယာ) ကဖြစ်စေ၊ မိမိစီးလာတဲ့ကားနဲ့ ယှဉ်ပြီး ကျော်တက်ချင်လို့ အနားကပ်ရပ်လာတဲ့ တစ်ဖက်ယာဉ်ရဲ့ ယာဉ်နောက်လိုက်ကဖြစ်စေ "ချစ်ကို . . . . တစ်စီးလောက်" ဆိုပြီး အကူအညီတောင်းတဲ့စကား ဖြစ်တာမို့ ယာဉ်စီးနင်းဖူးသူတိုင်း အားလုံးက သိရှိပြီးဖြစ်ပါလိမ့်မည်။

"ချစ်ကို . . . တစ်စီးလောက်" ခွင့်တောင်းပြီး (တစ်ဖက် ယာဉ်မောင်းက ခွင့်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) မဆင်မခြင် ကျော်တက်ဖြတ်ဝင်မှုကြောင့် ကျော်တက်မည့် ယာဉ်ကြီး/ယာဉ်ငယ်နှင့် လမ်းမှန်သွား ယာဉ်ကြီး/ယာဉ်ငယ်တို့ တိုက်မိခိုက်မိ ငြိမှုကြောင့် အချင်းများမှု၊ ယာဉ်အချင်းချင်း လမ်းလုကာ ရုတ်တရက် ဘရိတ်နင်းမှုကြောင့် ခရီးသည်များ ထိခိုက်အနာတရရမှုကိုလည်း ကိုယ်တွေ့ကြုံတွေ့ခဲ့ရပေါင်း များပါပြီ။

ရန်ကုန်တစ်ခွင် မိုးရွာပြီဆိုလျှင် အမြဲတမ်း ရေကြီး၊ ရေကျော်၊ ရေလျှံတတ်တဲ့ သိမ်ဖြူလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်း မီးပွိုင့်တံတားနေရာ၊ သက်ဆိုင်ရာက လာမည့် မိုးတွင်းကစပြီး ရေကျော်၊ ရေလျှံမှုမဖြစ်ရလေအောင် ရေဆိုးထွက်ပေါက်ချဲ့ထွင်မှုကို လမ်းတစ်ဖက်စီ အလှည့်ကျတိုးချဲ့ပြုလုပ်နေသည်။

ဒီကနေ့လည်း . . . ကြုံရပြန်ပါပြီ။

မိမိစီးနင်းလာသည့် လိုင်းကားကို အခြားလိုင်းကားကြီးတစ်စီးက အလျင်စလို မဆင်မခြင်မောင်းနှင်ပြီး ဘေးချင်းယှဉ်ကာ ကျော်တက်ချင်လို့-

"ချစ်ကို . . . တစ်စီးလောက်" ဆိုပြီး အတင်းရှေ့ဖြတ်တိုးဝင်တော့သည်။ တစ်ဖက်ကမိမိစီးနင်းလာသည့် လမ်းမှန်မောင်း လိုင်းကားက ခွင့်မပြု။ လိုင်းကားနှစ်စီး ဘေးချင်းယှဉ်တိုက်မိသလိုဖြစ်သွားသည်။ မိမိစီးနင်းသည့် လိုင်းကားက ရုတ်တရက် ဘရိတ်နင်းလိုက်မှုကြောင့် မိမိအပါအဝင် ခရီးသည်များ ယိမ်းထိုးလဲကျ ဖြစ်ခဲ့ရတော့သည်။

ယာဉ်အန္တရာယ်ကင်းဝေးရေး အများပြည်သူကို အသိပေး၊ စည်းကမ်းပျက်သူများကို အရေးယူမည်. . .ဟု တစ်ဖက်က သတိပေးနေချိန်တွင် ကိုယ်ပိုင်ယာဉ်၊ အငှားယာဉ်၊ လိုင်းကားအားလုံးမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် အားလုံးကလည်း မိမိတို့ခရီးသည်များ အားလုံးကို-

"လက်လွှတ်ဆင်း"

"ချစ်ကို. . . တစ်စီးလောက်" . . . ဆိုသည့် လက်ဆောင်မျိုး နေ့စဉ် ပေးနေဦးမှာလားဗျာ။

(ကိုချစ်)

ဝါဏိဇ္ဇဘွဲ့ရများအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် အမှတ် ၃၇/၄၁ လမ်း ၅၀ (အောက်) အသင်းတိုက်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် B.Com,B.Act, BBA ဘွဲ့ရများတက်ရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်မြောက်ပိုင်းခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးကျင်းပသည့် အခြေခံပန်းအလှထိုးနည်း သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၄ ရက်က အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပရာ သင်တန်းတွင် ပထမဆုရ အင်းစိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဦးအား တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့် ဆုချီးမြှင့်စဉ်။ (ဝ၁၁)

မြန်မာ့အလင်း မှု ခင်း သ တင်း

ဆိုင်ကယ်က စက်ဘီးကိုတိုက်ပြီး ထွက်ပြေးစဉ် အမျိုးသမီးတစ်ဦးကို ဆက်၍တိုက်မှု ဒလ၌ဖြစ်ပွား

ဒလ ဇန်နဝါရီ ၂၀

ဒလမြို့နယ် စက်မြေရပ်ကွက်၌ ဇန်နဝါရီ ၁၅ရက် မွန်းလွဲ ၁၂နာရီ ၁၀ မိနစ်ခန့်က အဖော်တစ်ဦးနှင့်အတူ အမျိုးသားနှစ်ဦး စီးလာသော 125 KENBO အမျိုးအစား ဆိုင်ကယ်နှင့် စက်ဘီးတိုက်မှုဖြစ်ပြီး ဆိုင်ကယ်သမားမောင်းထွက်ပြေးစဉ် အမျိုးသမီးတစ်ဦးကို ထပ်မံတိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စက်မြေရပ်ကွက် ဆရာစံလမ်းနှင့် ဒလ-တွံတေးကားလမ်းမကြီးပေါ် လမ်းဆုံ၌ ဆာပါချောင် ကျောင်းစုရပ်ကွက်နေသူသည် အဖော်တစ်ဦးကို တင်၍ ဒလကားဂိတ်မှ ဒလ-တွံတေးလမ်းမကြီးအတိုင်း စီးနင်းမောင်းလာသော 125 KENBO အမျိုးအစားဆိုင်ကယ်နှင့် စက်မြေရပ်ကွက် ဆရာစံလမ်းမှ စီးထွက်လာသော စက်ဘီးကိုဝင်တိုက်မိရာ စက်ဘီးနောက်ဘီးခွေလိမ်သွားကာ စက်ဘီးစီးသူ ဒဏ်ရာအနာတရဖြစ်သွားသည်။ ဆိုင်ကယ်သမားသည် ထိုအမှုကို မဖြေရှင်းဘဲ ဆရာစံလမ်းအတိုင်း ဆိုင်ကယ်မောင်းပြီးထွက်ပြေးသွားစဉ် စက်မြေရပ်ကွက် ၃လမ်း (အနောက်)မှ ဈေးဝယ်ပြီးပြန်လာသောအမျိုးသမီးတစ်ဦးအား ဆက်လက်၍ တိုက်မှုဖြစ်ပွားခဲ့ရာ အဆိုပါအမျိုးသမီးမှာဒဏ်ရာများရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့လိုက်ရသည်။ ဆိုင်ကယ်တိုက်မှုနှင့်စပ်လျဉ်း၍ ဒလရဲစခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၁၅၁)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြိုင်ပွဲ ဆုရရှိသူများ အမည်စာရင်းထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ တတိယအကြိမ် ယာဉ်မတော်တဆမှုကြောင့် သေဆုံးဒဏ်ရာရသူများ အမှတ်တရနေ့နှင့် ပဉ္စမအကြိမ် ယာဉ်စည်းကမ်း လမ်းစည်းကမ်းအသိပညာပေးပြပွဲ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၂ခုနှစ် ဇန်နဝါရီ ၂၇ရက်မှ ၃၀ရက် နေ့အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြိုင်ပွဲများကျင်းပခဲ့ရာ ဝတ္ထုတိုပြိုင်ပွဲတွင် ဦးမြင့်သိန်း(ရွှေရိုး) (ပထမဆု)၊ ဒေါ်မေအိပ်စည်ဦး(ကေရီမေဦးကျော်) (ဒုတိယဆု)၊ ဦးကျော်ထွန်း (လင်းလတ်ကြယ်) (တတိယဆု)၊ ဒေါ်ယဉ်သူသင်း(ရွှေကြာဖြူ) (နှစ်သိမ့်ဆု)၊ ဒေါ်ယဉ်မျိုးခိုင် (ရွှေဝန်းရံ) (နှစ်သိမ့်ဆု)၊ ဆောင်းပါးပြိုင်ပွဲတွင် ဦးကျော်ထွန်း (ဖျောက်မြေမောင်ဆွေမွန်) (ပထမဆု)၊ ဒေါ်ယဉ်သူသင်း(ရွှေကြာဖြူ) (ဒုတိယဆု)၊ ဦးအောင်စိုးထွဋ်(လှိုင်စိုး-ဝေ) (တတိယဆု)၊ ဦးဖိုးရွှေကျော် (ဖိုးရွှေကျော်) (နှစ်သိမ့်ဆု)၊ ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး)(နှစ်သိမ့်ဆု)၊ ဓာတ်ပုံပြိုင်ပွဲတွင် ဦးရဲနောင်(ဖယ်ခုံ) (ပထမဆု)၊ ဦးသိန်းထွန်း (Nature Image) (ဒုတိယဆု)၊ ဦးအောင်သက်မိုး (အောင်အောင်-ပန်းတောင်း) (တတိယဆု)၊ ဦးသန့်စင် (ရတနာပုံ) (နှစ်သိမ့်ဆု)၊ ဦးအောင်သက်မိုး (အောင်အောင်-ပန်းတောင်း) (နှစ်သိမ့်ဆု)၊ ကာတွန်းအလွတ်တမ်းပြိုင်ပွဲတွင် ကာတွန်းအောင်ကျော် (ပထမဆု)၊ ဦးဟန်မျိုးအောင် (ကာတွန်းဟန်) (ဒုတိယဆု)၊ ဦးသိန်းထွန်း (တတိယဆု)၊ ဦးဝင်းဖေ (နှစ်သိမ့်ဆု)၊ ဦးစန်းလွင် (ကာတွန်းမောင်မောင်စန်းလွင်) (နှစ်သိမ့်ဆု)၊ ပိုစတာအခြေခံပညာအထက်တန်းအဆင့်ပြိုင်ပွဲတွင် မစုနန္ဒာဇော်ဝင်း (ပထမဆု)၊ မောင်စိုင်းသီဟအောင် (ဒုတိယဆု)၊ မယုဇနဝင်း (တတိယဆု)၊ မောင်ဖြိုးသူကျော် (နှစ်သိမ့်ဆု)၊ မောင်ထက်ဝေယံထွဋ် (နှစ်သိမ့်ဆု)၊ ပိုစတာအခြေခံပညာအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မနှင်းထက်ထက်နိုင်ဝင့် (ပထမဆု)၊ မောင်သက်ပိုင်ဦး (ဒုတိယဆု)၊ မအိန္ဒြေမောင် (တတိယဆု)၊ မသရဖီဝင်း(နှစ်သိမ့်ဆု)၊ မောင်စိုးသူရသိန်း (နှစ်သိမ့်ဆု)၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မမေဖူးပိုင် (ပထမဆု)၊ မောင်မြတ်ထွန်းသိန်း (ဒုတိယဆု)၊ မလဲ့လဲ့မြင့် (တတိယဆု)၊ မမြရွှေရည်သိမ့် (နှစ်သိမ့်ဆု)၊ မအိအိအောင် (နှစ်သိမ့်ဆု)၊ ဉာဏ်စမ်းပဟေဠိ အခြေခံပညာအထက်တန်းအဆင့်ပြိုင်ပွဲတွင် မပန်းအိဖြူ (ပထမဆု)၊ မသဇင်ထက် (ဒုတိယဆု)၊ မမေသင်းခိုင် (တတိယဆု)၊ မသန္တာတင်ဦး (နှစ်သိမ့်ဆု)၊ မမွှေးစပယ်တင် (နှစ်သိမ့်ဆု)၊ မမြတ်သစ်သစ်ကျော် (နှစ်သိမ့်ဆု)၊ အလယ်တန်းအဆင့်ပြိုင်ပွဲတွင် မောင်ဝင်းဘုန်းမြတ် (ပထမဆု)၊ မောင်အောင်သီဟ (ဒုတိယဆု)၊ မမေမြတ်နိုးခင် (တတိယဆု)၊ မမေသွယ်ဦး (နှစ်သိမ့်ဆု)၊ မောင်ဇော်ဝင်းထွန်း (နှစ်သိမ့်ဆု)၊ မူလတန်းအဆင့်ပြိုင်ပွဲတွင် မောင်သီဟထွန်းလင်း (ပထမဆု)၊ မောင်သီဟန်ထွဋ် (ဒုတိယဆု)၊ မောင်ထွန်းတိမ်ယံဦး (တတိယဆု)၊ မချယ်စင်သိမ့် (နှစ်သိမ့်ဆု)၊ မောင်ဝင်းခန့် (နှစ်သိမ့်ဆု)၊ မောင်ဂုဏ်ဝင့်ဟန် (နှစ်သိမ့်ဆု)၊ မထက်ဝတ်ရည် (နှစ်သိမ့်ဆု)၊ ကဗျာတေးသရုပ်ဖော်ပြိုင်ပွဲတွင် အမက(၃၀) လှိုင်မြို့နယ် (ပထမဆု)၊ အမက(၆) ကျောက်တံတားမြို့နယ် (ဒုတိယဆု)၊ အမက(၈) မူလတန်းလွန်ကျောင်း သင်္ဃန်းကျွန်းမြို့နယ် (တတိယဆု)၊ အထက(၂) လှိုင်သာယာမြို့နယ် (နှစ်သိမ့်ဆု)၊ အမက(၃) မင်္ဂလာတောင်ညွန့်မြို့နယ် (နှစ်သိမ့်ဆု)တို့ဖြစ်သည်။

ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများအား ၂၀၁၂ခုနှစ် ဇန်နဝါရီလ ၂၇ ရက်တွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆုချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းဆုရရှိသူများသည် ၂၀၁၂ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမရှိ ပြိုင်ပွဲကျင်းပရေးကော်မတီသို့ သတင်းပို့ရန်နှင့် နှစ်သိမ့်ဆုရသူများအား ၂၀၁၂ခုနှစ် ဇန်နဝါရီ ၂၇ရက်၌ အဆိုပါလိပ်စာသို့ လာရောက်ထုတ်ယူရန်ဖြစ်သည်။ **(ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ)**

ပြင်စလူမြို့နယ်ခွဲ ကုန်းကြီးကျေးရွာ၌ ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ပြင်စလူ ဇန်နဝါရီ ၂၀

လပွတ္တာခရိုင် ပြင်စလူမြို့နယ်ခွဲ ကုန်းကြီးကျေးရွာ၏ (၂၅)ကြိမ်မြောက် အုပ်စုတွင်းပတ်လည်ဘောလုံး ဖိတ်ခေါ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီက ကုန်းကြီးကျေးရွာဘောလုံးကွင်း၌ ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်းက ကွင်းဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကို ကျေးရွာခွဲအသင်း (၁၆)သင်းပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ဒုတိယဆုကို နံ့သာကုန်းကျေးရွာ(ခ)အသင်းကရရှိပြီး၊ ပထမဆုကို သပြေချိုင်ကျေးရွာအသင်းကရရှိခဲ့သည်။ ဆုများကို ဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌက အသင်းခေါင်းဆောင်အား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)**
(မြို့နယ် ပြန်/ဆက်)

လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲ ကွမ်းခြံကုန်းမြို့၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်လွှတ်တော်အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ဇာတိမာန်ခန်းမ၌ ဇန်နဝါရီ ၇ရက် နံနက် ၁၀နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွန်းသီက လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်မြေ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်စိုးနှင့်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်းသိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခုပေါင်းကာကွယ် ယာဉ်အန္တရာယ်

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပန္နက်တင်

နေဖြူမြို့နယ် ကျုံတနီးကျေးရွာအုပ်စု ကျုံတနီးကျေးရွာတွင် နိုင်ငံတော်မတည်ငွေ၊ အလှူရှင် စာရေးဆရာမောင်ခင်မင်(နေဖြူ)၏လှူဒါန်းငွေတို့ဖြင့် ပညာအလင်း စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က အဆိုပါကျေးရွာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်လှိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သန္တာထွေး၊ ရခိုင်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးနိုင်ဝင်းနှင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစန်းလွင်တို့ ပန္နက်တင်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ရွှေနိုင်ငံစာကြည့်တိုက် ထန်းတပင်မြို့နယ် တရုတ်စုကျေးရွာ၌ဖွင့်

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မဲပလီကျေးရွာအုပ်စု တရုတ်စုကျေးရွာတွင် ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ရွှေနိုင်ငံစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းရီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းရ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ***(အပေါ်ပုံ)***

ဆွေးနွေးပြောကြား

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းရ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးတို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပြောကြားသည်။

အဆိုပါစာကြည့်တိုက်သို့ တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းနှင့် သွပ်အချပ် ၅၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေသိန်းက လည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှသုတ ရသစာအုပ် ၁၀၀ကို မြို့နယ်ဦးစီးမှူးက လည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးကျော်စိုးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။
(မြို့နယ် ပြန်/ဆက်)

ရေတာရှည်မြို့နယ်၌ သုတပညာရတနာ စာကြည့်တိုက်ဖွင့်

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှ အထက၌ သုတပညာ ရတနာ စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ ဒေသခံတပ်နယ်မှ ဗိုလ်မှူးရန်မျိုးနိုင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးနွယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းနှင်းက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေးကို ရှင်းလင်းပြောကြားပြီး သုတ ရသ စာအုပ်စာစောင်များကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

21-1 (10).pmd 1 1/21/2012, 3:45 AM

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် UN- Habitat တို့ ကွန်ကရစ်ဘလောက်တုံးအသုံးပြု နမူနာအဆောက်အအုံ အုတ်မြစ်ချခြင်းနှင့် နည်းပညာ စက်ကိရိယာ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

ကုလသမဂ္ဂ လူနေမြို့ရွာဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် UN-Habitat တို့၏ နားလည်မှုစာချွန်လွှာပါ စီမံကိန်း(၄)၊ ကွန်ကရစ်ဘလောက်တုံးအသုံးပြု နမူနာအဆောက်အအုံ အုတ်မြစ်ချခြင်းနှင့် နည်းပညာစက်ကိရိယာ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးကျော်လွင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်စိုး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ UN-Habitat မှ ဌာနေကိုယ်စားလှယ် Mr. Srinivasa Popuri၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UN- Habitat အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး UN- Habitat မှ ဌာနေကိုယ်စားလှယ် Mr. Srinivasa Popuri က ကွန်ကရစ်ဘလောက်တုံးပြုလုပ်ခြင်း နည်းပညာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် UN- Habitat မှ အင်ဂျင်နီယာတစ်ဦးက ကွန်ကရစ်ဘလောက်တုံးအသုံးပြု တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ရေးနည်းပညာများ၊ ငလျင်ဒဏ်နှင့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ၏ စံချိန်စံညွှန်းများ ရေးဆွဲရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၇ ကော်လံ ၃ ✻

အမှာစကား ပြောကြား

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကွန်ကရစ်ဘလောက်တုံးအသုံးပြု နမူနာအဆောက်အအုံအုတ်မြစ်ချခြင်းနှင့် နည်းပညာ စက်ကိရိယာ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတကာအားကစားမျိုးစုံ နိုင်ငံတကာအားကစားမျိုးစုံ

မြင့်မောင်စိုး – ရေးသားသည်

နေ့ဝှစ်ကွင်းမှာ ချယ်လ်ဆီးနိုင်ပါ့မလား အွန်နရီပါတဲ့ အာဆင်နယ်နှင့် မန်ယူတွေ့ကြမည်

လန်ဒန် ဇန်နဝါရီ ၂၀

ဘောလုံးပရိသတ်များ စိတ်ဝင်စားနေတဲ့ ပရီမီယာလိဂ်ပွဲစဉ်(၂၂)ပြိုင်ပွဲများကို ယနေ့နဲ့ မနက်ဖြန် (တနင်္ဂနွေနေ့)တွေမှာ ကစားကြဖို့ရှိပါတယ်။

ဆန်းဒါးလန်းနှင့်ပွဲတွင် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းပြီး အောင်ပွဲခံနေသည့် ကွင်းလယ်ကစားသမား လမ်းပတ်ကို တွေ့ရစဉ်။

ယနေ့မှာတော့ အဓိကပြိုင်ပွဲတွေအဖြစ် နေ့ဝှစ်နဲ့ ချယ်လ်ဆီး၊ ဖူလ်ဟမ်နဲ့ နယူးကာဆယ်၊ ဘော်လ်တန်နဲ့ လီဗာပူးတို့ ပြိုင်ပွဲတွေပဲဖြစ်ပါတယ်။ ချယ်လ်ဆီးအနေနဲ့ နေ့ဝှစ်ကွင်းမှာ သွားရောက်ကစားရမှာဆိုတော့ လွယ်လွယ်နဲ့တော့ အနိုင်ရမှာမဟုတ်ပါဘူး။ နေ့ဝှစ်အသင်းဟာ အိမ်ကွင်းမှာဆို ပြိုင်ဘက်အသင်းတွေကို ကောင်းကောင်းဒုက္ခပေးလေ့ရှိတဲ့အသင်းဖြစ်ပါတယ်။ နေ့ဝှစ်အနေနဲ့ဒီပွဲမှာ ချယ်လ်ဆီးတို့ထံမှ အနည်းဆုံးတစ်မှတ်လောက်တော့ရအောင် ညှစ်ထုတ်ကစားမယ်လို့ မျှော်လင့်ရပါတယ်။

နယူးကာဆယ်အသင်းက ယခုနှစ်ရာသီမှာ အလန်ရှီးယားတို့နောက်ပိုင်း ပြန်လည်ခြေစွမ်းပြလာတဲ့အသင်းဖြစ်ပါတယ်။ အနည်းဆုံး ဖူလ်ဟမ်ကို တစ်ဂိုးလောက်နဲ့ ကပ်နိုင်သွားနိုင်ပါတယ်။ လီဗာပူးအသင်းဟာလည်း ဒီနှစ်ရာသီမှာ မန်စီးတီး၊ မန်ယူတို့နဲ့အပြိုင် ထိပ်ဆုံးနေရာကို ပန်းဝင်ဖို့ကြိုးစားနေတဲ့အသင်းပါ။ တန်းဆင်းဇုန်သုံးသင်းမှာ ရောက်နေတဲ့ ဘော်လ်တန်အသင်းဟာ လီဗာပူးရဲ့တိုက်စစ်ကို ပိတ်ဆို့ဖို့ မနည်းကြိုးစားရမှာပါ။ ဒီနေ့မှာပဲ အခြားပြိုင်ပွဲတွေဖြစ်ကြတဲ့ အဲဗာတန်နဲ့ ဘလက်ဘန်း၊ ကျူပီအာနဲ့ ဝီဂန်၊ စတုတ်နဲ့ ဝက်စ်ဘရွန်း၊ ဆန်းဒါးလန်းနဲ့ ဆွမ်ဆီး၊ ဝူလ်ဗာဟမ်တန်နဲ့ အက်စ်တွန်ဗီလာတို့ပွဲတွေလည်း အကြိတ်အနယ်ရှိမှာပါ။ မနက်ဖြန် (တနင်္ဂနွေနေ့)မှာတော့ ထိပ်သီးအသင်းတွေဖြစ်တဲ့ မန်စီးတီးနဲ့ စပါး၊ အာဆင်နယ်နဲ့ မန်ယူတို့ ကစားကြမှာဖြစ်ပါတယ်။ စပါးအသင်းဟာ ယခုနှစ်ရာသီမှာ ဖလားမျှော်မှန်းနိုင်တဲ့ အသင်းဖြစ်ပါတယ်။ မန်စီးတီးအနေနဲ့ စပါးကို အနိုင်ရဖို့ ခက်ခဲပါလိမ့်မယ်။ အာဆင်နယ်ကလည်း တစ်ကျော့ပြန်တိုက်စစ်မှူး အွန်နရီနဲ့အတူ မန်ယူက မျက်နှာပြောင်းတွေကို အကောင်းဆုံး ဧည့်ခံကစားပါလိမ့်မယ်။

စာမျက်နှာ ၅ ကော်လံ ၁ ◆

မြန်မာ့အလင်း နိုင်ငံတကာ အနုပညာ

➤ ခင်ရတနာ - ရေးသားသည် ➤

အရှေ့တောင်အာရှနိုင်ငံများ၏ တေးဂီတဖျော်ဖြေပွဲ ထိုင်းနိုင်ငံ၌ ကျင်းပမည်

ဗန်ကောက် ဇန်နဝါရီ ၂၀

ထိုင်းနိုင်ငံရှိ Mahidol တက္ကသိုလ်ကကြီးမှူး၍ အရှေ့တောင်အာရှနိုင်ငံများ၏ ဂီတအမျိုးမျိုးကို ဖျော်ဖြေပွဲတစ်ခုပြုလုပ်သွားမည်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းစာက ဖော်ပြသည်။

ဖျော်ဖြေပွဲ၌ အရှေ့တောင်အာရှနိုင်ငံများအားလုံး၏ တီးခတ်သော ရိုးရာတူရိယာ ဂီတကို ဖော်ထုတ်ပြသသွားမည်ဖြစ်ပြီး ပွဲကျင်းပစဉ်အတွင်း ကမ္ဘာ့အော်စကာတီးဝိုင်းဆုရရှိထားသည့် ထိုင်းနိုင်ငံသား မစ္စတာ တော့ရာခွန်ခေ့ရောင်နှင့်အဖွဲ့အပြင် ထိုင်းလူငယ်တီးဝိုင်း၊ ထိုင်းနိုင်ငံ တော်ဝင်ယဉ်ကျေးမှုအဖွဲ့များမှ ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သတင်းကဖော်ပြထားသည်။ **(အပေါ်ပုံ)**

ဖျော်ဖြေပွဲသည် ထိုင်းနိုင်ငံအတွက် တတိယအကြိမ်ဖြစ်ကာ အရှေ့တောင်အာရှရှိနိုင်ငံများ၏ ရိုးရာဂီတ ဆက်သွယ်ထားပုံကို ဖော်ထုတ်၍ တူရိယာမျိုးစုံ အသုံးပြုကာ တေးဂီတဆန်းများကို ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ဂီတဖျော်ဖြေပွဲကြီးကို Mahidol တက္ကသိုလ်ကြီး၌ ဇန်နဝါရီ ၂၂ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ကိုဒက်ကုမ္ပဏီ ဒေဝါလီခံလိုက်ရ

ရန်ကုန် ဇန်နဝါရီ ၂၀

လွန်ခဲ့သည့် ၁၉၈၀ ပြည့်လွန်နှစ်များကတည်းက စတင်တည်ထောင်ခဲ့ပြီး အောင်မြင်မှုများစွာရရှိခဲ့သည့် အမေရိကန်အခြေစိုက် Kodak ကင်မရာထုတ်လုပ်ရောင်းချသော Eastman Kodak ကုမ္ပဏီသည် ဒေဝါလီခံလိုက်ရကြောင်း ဝါရှင်တန်ပို့စ်သတင်းစာ၌ ဇန်နဝါရီ ၂၀ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာသည်။

Kodak ကင်မရာများသည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကာလကတည်းက စတင်ခေတ်စားခဲ့ခြင်းဖြစ်ကာ လကမ္ဘာသို့ ပထမဆုံးသွားရောက်မှတ်တမ်းတင်နိုင်ခဲ့သည့် ကင်မရာအမျိုးအစားဖြစ်သည်။ အောင်မြင်မှုအဆင့်ဆင့်ရရှိခဲ့သည့် Kodak အနေဖြင့် *စာမျက်နှာ ၇ ကော်လံ ၃* ❒

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

အလုံ မြို့နယ်ရှိ ရှစ်ထပ်တိုက် တစ်လုံး အလိုအလျောက် အက်ကွဲကြောင်းများ ဖြစ်ပေါ်

စာ-၆

ဘောလိဝုဒ်ရုပ်ရှင်မင်းသမီး အင်ဒရီတာရေး၏ အနုပညာ ပုံရိပ်လွှာ

စာ-၅

စဉ့်ကိုင်မြို့နယ်ထွက် ဆီးပန်းသီးများ ရန်ကုန်ဈေးကွက်သို့ တင်ပို့



စာ-၇